ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 18 December 2022 ၁၀၉၅၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ**

စာမျက်နှာ » ၃




**စာသင်ခန်းအတွင်း စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုပြောင်းလဲခြင်း**

ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ် ၅၀ ရွှေရတုခရီး**

ဆောင်းပါး စာမျက်နှာ » ၁၈

# တွံတေးတူးမြောင်းကို ဖြတ်သန်း၍ ဆိပ်ကြီးခနောင်တိုတံတား တည်ဆောက်မှု ၁၉ ရာခိုင်နှုန်းပြီးစီး

ဒလ ဒီဇင်ဘာ ၁၇

ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင်၌ ဆိပ်ကြီးခနောင်တိုတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု ၁၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ဆိပ်ကြီးခနောင်တိုတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ သိရသည်။

**ငွေကျပ် ၃၄ ဘီလီယံ အကုန်အကျခံ တည်ဆောက်**

တွံတေးတူးမြောင်းကို ဖြတ်သန်း၍ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်တည်ဆောက်နေသည့် ဆိပ်ကြီးခနောင်တိုတံတားမှာ စုစုပေါင်းငွေကျပ် ၃၄ ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုတံတား၏အရှည်မှာ ၇၄၀ မီတာ ရှိမည်ဖြစ်ပြီး နှစ်လမ်းသွား သံမဏိသံပေါင်ခုံးတံတား ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၄၉ ပေ(၁၅ မီတာ)နှင့် အကျယ် ၄၅၉ ပေ (မီတာ ၁၄၀)ရှိ၍ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖



ဆိပ်ကြီးခနောင်တိုတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ကြေးမုံ

# နည်းပညာအသုံးပြု လူကုန်ကူးမှုတိုက်ဖျက်

လူကုန်ကူးခံရမှုများနှင့် အရေးယူဆောင်ရွက်မှုများကို နေ့စဉ်မြင်တွေ့ကြားသိနေရသည်။ လူကုန်ကူးမှုသည် လူအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော ခေတ်သစ်ကျေးကျွန်စနစ်ဖြစ်၍ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရန်နှင့် လူကုန်ကူးမှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုကျူးလွန်သူများကို ရှာဖွေဖော်ထုတ်၍ အရေးယူမှုများ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသော်လည်း လူကုန်ကူးခံရသည့်ပြဿနာများမှာ ဖြစ်ပွားနေဆဲဖြစ်သည်။ အဓိကမှာ ဆင်းရဲမွဲတေမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ နည်းပညာထွန်းကားမှုတို့ကြောင့် လူကုန်ကူးမှုပြဿနာအရှိန်အဟုန်မြင့်မားနေသည်ဟုဆိုနိုင်သည်။ မကြာသေးမီက ပွဲစားများမှတစ်ဆင့် အွန်လိုင်းပေါ်တွင် ဈေးရောင်းသည့်အလုပ်ကို လစာကောင်းကောင်းရရှိမည်ဟု လိမ်ညာလှည့်ဖြားခေါ်ဆောင်သွားပြီး နယ်စပ်မြို့တစ်မြို့ရှိ ဒုစရိုက်ဂိုဏ်းတစ်ခုသို့ ရောင်းစားခြင်းခံရသည့်သတင်းတစ်ပုဒ်ကို စိတ်မကောင်းဖွယ်ကြားသိရသည်။

မြန်မာနိုင်ငံအနှံ့မှ ငယ်ရွယ်သူ အမျိုးသား၊ အမျိုးသမီးတို့သည် အလုပ်အကိုင်ရလိုမှုဖြင့် အုပ်စုအလိုက် နယ်စပ်မြို့သို့ရောက်ရှိသွားရာမှ လိမ်ညာခံရသည့်အဖြစ်ဆိုးနှင့်ကြုံကြရသည်။ လူကုန်ကူးမှုပြဿနာသည် ပြည်တွင်း၌သာမက နယ်စပ်ဒေသနှင့် ပြည်ပနိုင်ငံသို့ပင် ပျံ့နှံ့ရောက်ရှိကြုံတွေ့နေသည်။ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများ၏ အမြတ်ထုတ်အသုံးချနေမှုများကို တားဆီးနှိမ်နင်းရန်အတွက် စိန်ခေါ်မှုများနှင့်ကြုံတွေ့လျက်ရှိရာ UNODC က နည်းပညာကိုအသုံးပြု၍ လူကုန်ကူးမှုများအား တားဆီးကာကွယ်ရန် တိုက်တွန်းထားသည်။

လူကုန်ကူးခံရသူများ၏ တွေ့ကြုံခံစားရမှုများအပေါ် အခြေခံသည့် တုံ့ပြန်မှုနည်းလမ်းများ၊ စုံစမ်းဖော်ထုတ်အရေးယူခြင်းများကို နည်းပညာအသုံးပြု၍ ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ နယ်စပ်ဒေသ အိမ်နီးချင်းနိုင်ငံများမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများကို ပူးပေါင်းစုံစမ်းဖော်ထုတ်မှုများမြှင့်တင်ရန်နှင့် အွန်လိုင်းနည်းပညာအသုံးချဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်ရန်လိုအပ်ပေသည်။ မကြာသေးမီက ပြည်ပနိုင်ငံတစ်နိုင်ငံတွင် လူကုန်ကူးခံရသော မြန်မာအမျိုးသမီးများအား သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြု၍ ကယ်တင်နိုင်ခဲ့သည့်ရလဒ်ကောင်းများရှိသည်။

လူကုန်ကူးသူများက ဆိုရှယ်မီဒီယာကိုအသုံးပြု၍ လိမ်လည်စုဆောင်းသည့်အန္တရာယ်များ ဖြစ်ပေါ်လာသဖြင့် ကျူးလွန်သည့်မှုခင်းများကို စုံစမ်းဖော်ထုတ်နိုင်ရန် နည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများ အပြန်အလှန်ဖလှယ်ခြင်း၊ နိုင်ငံအသီးသီး၏ မတူကွဲပြားသော လူကုန်ကူးမှုဥပဒေများနှင့် ပြည်တွင်းရှိ တည်ဆဲဥပဒေများ၊ တရားခံများ၏ ပြောင်းလဲအသုံးပြုလာသည့် ကျူးလွန်ပုံကျူးလွန်နည်းများနှင့် နည်းပညာတိုးတက်မှုတို့ကြောင့် မှုခင်းများစုံစမ်းဖော်ထုတ်ရန် ခက်ခဲခြင်းကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများဖော်ထုတ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာသော လူကုန်ကူးမှုများ လျော့ပါးစေရေးအတွက် မှန်ကန်သော အလုပ်သမားစုဆောင်းမှု၊ တရားဝင်အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးတို့ကို ကျင်းပလျက်ရှိသော မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှုပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးအဆင့်အစည်းအဝေး၌ တိုက်တွန်းထားသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရနိုင်ခြေ အန္တရာယ်အများဆုံးရှိသော လူ့အသိုင်းအဝိုင်းများအတွင်းရှိ လူငယ်လူရွယ်များကို လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့်ပူးပေါင်းလက်တွဲကာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့်နှစ်ကာလအတွင်း လူကုန်ကူးမှုဖြစ်ပွားနိုင်ခြေမှ ကာကွယ်တားဆီးနိုင်မှု ၈၁ မှုနှင့် ကျူးလွန်ခံရနိုင်ခြေရှိသူ အမျိုးသား ၄၆၈ ဦး၊ အမျိုးသမီး ၃၇၂ ဦး စုစုပေါင်း လူငယ်လူရွယ် ၈၄၀ တို့ကို ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့သည်။ ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသားများကို လိုအပ်သည့် ကူညီထောက်ပံ့မှုများ ရရှိအောင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် တတိယသုံးလပတ်အတွင်း တရုတ်နိုင်ငံမှ ခြောက်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ၂၅ ဦး စုစုပေါင်း ၃၁ ဦးတို့ကို မြန်မာနိုင်ငံသို့ အဆင်ပြေစွာ ပြန်လည်ရောက်ရှိနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ လူကုန်ကူးမှုသည် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြဿနာများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်၍ လူကုန်ကူးမှုပြဿနာများကို ပိုမိုထိရောက်စွာ တားဆီးကာကွယ် တိုက်ဖျက်အရေးယူနိုင်ရန်အတွက် ပြည်တွင်းရှိ အဖွဲ့အစည်းများအချင်းချင်း၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းချိတ်ဆက်၍ နည်းပညာကို အသုံးပြုပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## သာစည်မြို့၌ လူငယ်စကားဝိုင်း ဒုတိယအကြိမ်ကျင်းပ



**သာစည် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် လူအများရှေ့ စကားပြောဆိုရာ၌ ရဲဝံ့စွာပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများနှင့် ပြည့်စုံပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဒုတိယအကြိမ်မြောက် လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက သာစည်မြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကား ပြောကြားသည်။ ထို့နောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင့်ဘော်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်ပြီး လူငယ်စကားဝိုင်းကို စတင်ရာ အစီအစဉ်တင်ဆက်သူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းက ဆောင်ရွက်ပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း Grade 11 မှ ကျောင်းသူ မအိမ့်သန္တာမင်းက လူငယ်နှင့်ပညာရေး၊ Grade 11 မှ မသဒ္ဒါမြတ်နိုးက လူငယ်နှင့်ကျန်းမာရေး၊ Grade 10 မှ မောင်ထွဋ်နေက လူငယ်နှင့်စာဖတ်ခြင်း၊ Grade 10 မှ မဖြိုးဝေနှင်းက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade11 မှ မောင်လင်းမြတ်အောင်က လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက ဆွေးနွေးမှုခေါင်းစဉ်များနှင့်ပတ်သက်ပြီး မိမိတို့အတွေးအမြင်များကို ပြန်လည်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** - ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** - ဦးနိုင်လင်းကြည်၊ | | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၃၁၂၇၁၅) နှင့် (၀၆၇-၃၄၃၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

**တက်ရောက်**

ဆေးရုံကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများ၊ ဆေးရုံအထောက်အကူပြု အဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးကုသဆောင်သစ်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ဆေးကုသဆောင်သစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အထူးကြပ်မတ်ကုသခန်းများတွင် ခေတ်မီစက်ကိရိယာများ ပြင်ဆင်ထားရှိမှု၊ သွေးဘဏ်နှင့် သွေးလှူခန်း၊ ဓာတ်ခွဲခန်းများတွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ခေတ်မီခွဲစိတ်ခန်းများတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားရှိမှုနှင့် ခန္ဓာကိုယ်တွင်းကြည့်မှန်ပြောင်းများ ပြင်ဆင်ထားရှိမှုများ၊ သားဖွား/မီးယပ်ကုသဆောင်တွင် သားဖွားခန်းများနှင့် မီးဖွားပြီးလူနာခန်းများ ပြင်ဆင်ထားရှိမှုများ၊ ကလေးကုသဆောင်တွင် ကလေးများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ဆေးကုသမှုခံယူနိုင်ရန် ကလေးအထူးကုသဆောင်နှင့် မွေးကင်းစကလေး ကြပ်မတ်ကုသဆောင် ပြင်ဆင်ထားရှိမှုများ၊ သီးသန့်လူနာခန်းများ၊ သံဃာတော်များအတွက် သီးသန့်ခန်းများ၊ ကွန်ပျူတာဓာတ်မှန်ခန်း၊ ဒစ်ဂျစ်တယ် ဓာတ်မှန်ခန်း၊ Ultrasound အခန်းများနှင့် အရေးပေါ်ဌာနတို့ကို လည်းကောင်း၊ မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

**အလေးထားဆောင်ရွက်**

ထို့နောက် ဒုတိယထပ်ရှိ Multifunction Hall ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်ကို လာမည့် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဖွင့်လှစ်နိုင်ခြင်းကြောင့် မင်္ဂလာရှိပြီး အမျိုးသားရေးအနှစ်သာရပါ ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဦးတည်ချက် (၉)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးကို လူမှုရေးဦးတည်ချက် တစ်ရပ်အဖြစ် ချမှတ်ကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ တာဝန်ယူပြီးနောက် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းကာလအတွင်း ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မိတ်ဆွေနိုင်ငံများ၏ အကူအညီများ၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၏ ပူးပေါင်းစွမ်းအားကြောင့် အခက်အခဲများကြားမှ ကျော်လွှားကာ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည့် အခြေအနေဖြစ်သဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု ရှိခြင်းနှင့် နောင်ဖြစ်ပေါ်နိုင်သည့် ကပ်ရောဂါများအတွက် ကြိုတင်ကာကွယ်ခြင်း၊ ကုသရေးလုပ်ငန်းများ အတွက် ပြည်သူ့ဆေးရုံများ၌ အသင့်ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ထားရှိမှသာ လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရာတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကူးစက်နိုင်သောရောဂါများနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများ ကို လူဦးရေလွှမ်းခြုံမှု ပိုမိုကောင်းမွန်လာအောင် ဆေးရုံများတိုးချဲ့ ဖွင့်လှစ်ပေးခြင်း၊ ကုသမှုဘာသာရပ်များ တိုးတက်လာအောင် ဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ကုသမှု အရည်အသွေး ကောင်းမွန်ရေး အတွက် ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ဆေးရုံအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဆေးရုံအဆောက်အအုံသစ်များ ဆောက်လုပ်ပေးခြင်းတို့ကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၄ သို့ ★



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးတို့က ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်ဖွင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။

★ စာမျက်နှာ ၃ မှ

ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာတွင် လူနာများ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရန်နှင့် ကုသမှု အရည်အသွေး မြင့်မားလာစေရေး အထောက်အကူဖြစ်စေရန် အဆောက်အအုံသစ်များ ဖြည့်ဆည်းရာတွင် အဆောက်အအုံ အရည်အသွေးကောင်းမွန်စေရေးနှင့် နိုင်ငံတကာအဆင့်မီ အဆောက်အအုံဖြစ်စေရေးတို့ကိုပါ အလေးထားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဟင်္သာတမြို့၊ ဘားအံမြို့၊ မကွေးမြို့၊ မုံရွာမြို့၊ ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီးတို့တွင်တိုးချဲ့အဆောက်အအုံများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

**ငွေကျပ်၂၂ ဘီလီယံကျော်**

ယနေ့ ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့၌ ဖွင့်လှစ်သည့် ကိုးထပ်ကုသဆောင်သစ်ကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ်၂၂ ဘီလီယံကျော် (၂၂၂၉၅ ဒသမ ၇၈ ကျပ်သန်း) ကိုအသုံးပြုကာ တည်ဆောက်ခဲ့ပြီး မြေဧရိယာဧက ၂ ဒသမ ၂၃ ဧကပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးဖြစ်ပြီး စိုက်ပျိုးရေးအတွက် အဓိကအားထားရာ တိုင်းဒေသကြီးဖြစ်သည့်အပြင် လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်အသီးသီးတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် တိုင်းဒေသကြီးဖြစ်ကာ ပုသိမ်မြို့သည် ပြည်တွင်း/ပြည်ပခရီးသွားများ အများအပြားလည်ပတ်သွားလာနိုင်သည့် အဓိကကျသည့်နေရာတွင် တည်ရှိနေခြင်းကြောင့် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ကို အထူးကုဌာနများ တိုးချဲ့ဖွဲ့စည်းနိုင်မည့် ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ထားရှိကာ ဆေးကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လူနာများ လွှဲပြောင်းကုသရာ ဆေးရုံကြီးဖြစ်သဖြင့် ယခုကဲ့သို့ အဆင့်မြင့် ကုသဆောင်ကြီး ဖွင့်လှစ်နိုင်ခြင်းဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေး ဝန်ထမ်းများနှင့် လာရောက်ဆေးကုသမှုခံယူသည့် လူနာများပါ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဆေးပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်အတွက် ရရှိသင့်သည့်လက်တွေ့သင်ကြားလေ့ကျင့်မှုများ၊ သင်တန်းများ ဆောင်ရွက်နိုင်ရန်လည်း ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကိုးထပ်ကုသဆောင်သစ်ကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း လာရောက်ကြည့်ရှု၍ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန်၊ အရေးပေါ်ကိစ္စရပ်များအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်နှင့် လူနာများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်စေရေး ရှုထောင့်ပေါင်းစုံမှစဉ်းစား၍ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ရာ မှာကြားချက်များနှင့်အညီ ဆောက်လုပ်ပြီးစီးခဲ့သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိများ၊ ဌာနအသီးသီးမှ ပံ့ပိုးကူညီကြသူများ အားလုံးနှင့် မြို့မိမြို့ဖများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူလူထု အကျိုးအတွက် လုပ်ငန်းယန္တရားလည်ပတ်ဆောင်ရွက်ရာတွင် အားသွန်ခွန်စိုက် တာဝန်ထမ်းဆောင်ပေးကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများ အတွက်လည်း ဝန်ထမ်းအိမ်ရာ အသစ်များ ဆောက်လုပ်ခြင်း၊ ပြုပြင်ပေးခြင်း၊ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းများကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး စေလွှတ်ခြင်း၊ ပညာသင် စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ထမ်းများနှင့်ပတ်သက်၍ ရရှိသည့်ဘွဲ့အလိုက် ပညာရှင်ဘွဲ့ ချီးမြှင့်ငွေချီးမြှင့်ခြင်း၊ ဝတ်စုံစရိတ်ချီးမြှင့်ခြင်း၊ ညတာဝန်ကျဝန်ထမ်းများအတွက် ညစာစားစရိတ် ထောက်ပံ့ခြင်းများ အပါအဝင် အခြားသော ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်ဆေးကုသဆောင်သစ်ကြီးကို ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ဆေးပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် ရရှိလာသည့်အခွင့်အရေးကောင်းများကို အသုံးပြုကာ မိမိတို့၏ ဆေးကုသမှု အရည်အသွေးတိုးတက်လာစေရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကာ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာကျန်းမာကြံ့ခိုင်၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**တည်ဆောက်ထား**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းဝေးရေးတို့ကို အောင်မြင်စေရန် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများကို အားဖြည့်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆောက်လုပ်သည့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ခရီးစဉ် လမ်းညွှန်ချက်နှင့်အညီ လူနာများ စိတ်အေးချမ်းသာစွာဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် တည်ဆောက်ထားပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံရှိပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဆေးရုံ ၁၃၃ ရုံ ခွင့်ပြုထားရှိကာ ဆေးရုံများအားလုံး လည်ပတ်ဆောင်ရွက်လျက်ရှိပြီး တစ်နေ့ပျမ်းမျှ အတွင်းလူနာပေါင်း ၃၀၀၀ ကျော်ကို လက်ခံကုသပေးလျက်ရှိကြောင်း။

ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့တွင် ၂၀၂၂ ခုနှစ်အတွင်း အတွင်းလူနာပေါင်း ၇၀၀၀၀ ကျော်နှင့် ပြင်ပလူနာပေါင်း ၆၀၀၀၀ ကျော်ကိုကြည့်ရှုကုသပေးနိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့တွင် အထူးကု သမားတော်ကြီးများ စုံလင်စွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် ပိုမိုစုံလင်သည့် အထူးကုဆေးပညာ ဘာသာရပ်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆေးရုံကြီးဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆေးရုံကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြို့မိမြို့ဖများနှင့် ကျန်းမာရေးဝန်ထမ်းများကပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အဆောက်အဦဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းစိုးက ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုတိုးချဲ့ကုသဆောင်သစ်တွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူနာများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်စေရေး၊ ဆေးရုံသန့်ရှင်းသာယာလှပစေရေး၊ သံဃာတော်များ စိတ်ချမ်းသာစွာဖြင့် ဆေးကုသမှုခံယူရေးအတွက် အထူးသီးသန့်ခန်းများကို ဘက်စုံထောင့်စုံမှ ထည့်သွင်းဆောက်လုပ်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်၍ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်းများပြပွဲသို့ သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်းများ ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း စင်တာ(MCC) ခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သွားရောက်ကြည့်ရှုအားပေးသည်။



အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း MSME များသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်၍ အလေးထားပြီး ဆောင်ရွက်ကြရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားသည့်အတွက် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများပြပွဲတွင် စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်လုပ်သော အိမ်သုံးဆေးဝါးများ၊ တိုင်းရင်းဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ဆက်စပ်ပစ္စည်းများ၊ ဟိုတယ်နှင့် အိမ် မီးဖိုချောင်နှင့် ဧည့်ခန်းသုံးပစ္စည်းများကို ဆိုင်ခန်းပေါင်း ၈၈ ခန်းဖြင့် ခင်းကျင်းပြသရောင်းချလျက်ရှိရာ အများပြည်သူလာရောက်ကြည့်ရှု ဝယ်ယူအားပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ ညပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)တွင်ကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” Season-2 ပွဲစဉ်(၁၆)ဒုတိယအဆင့် Level-2 ပြိုင်ပွဲ Result Show ကို တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဂီတပွဲတော်သို့ တက်ရောက်လာကြသည့် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဂီတပွဲတော် အကဲဖြတ်ဒိုင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များ၊ ပြိုင်ပွဲတွင် ပါဝင်သီဆိုဖျော်ဖြေကြသည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် နောက်ဆုံးယှဉ်ပြိုင်မှုနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တောင်ငူပင်မ ဓာတ်အားခွဲရုံအနီးတွင် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်းအပြီးသတ်ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တောင်ငူပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု ဝန်အား ၁၅၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်၍ ဝန်အားလျှော့ခြင်းဆောင်ရွက်ထားရသည့်အတွက် သတ်မှတ်ထားသည့်အချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး တက်ညီလက်ညီဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ဂရုပြုဆောင်ရွက်သွားရန်နှင့် ဓာတ်အားလိုင်းအနီးပတ်ဝန်းကျင်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များအား ရှင်းလင်းဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားလိုင်း အဝင်/အထွက် ပြုလုပ်နိုင်ရေး Switch Bay များ တိုးချဲ့တပ်ဆင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်း တည်ဆောက်ရခြင်းသည် လက်ရှိအခြေအနေတွင် ရွှေလီနှင့် ရဲရွာ ရေအားလျှပ်စစ်စက်ရုံများမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ ဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သပြေဝခွဲရုံမှတစ်ဆင့် ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီး ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သပြေဝ-သာစည်-ရွှေမြို့-ပျဉ်းမနား-သဲဖြူ-တောင်ငူ ဓာတ်အားလိုင်းတို့ဖြင့် ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်တောင်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိရာ ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီးလိုင်းနှင့် ၂၃၀ ကေဗွီ သပြေဝ-သာစည်-ရွှေမြို့-ပျဉ်းမနား-သဲဖြူ-တောင်ငူ ဓာတ်အားလိုင်းတို့တွင် ဝန်အားစီးဆင်းမှု အကန့်အသတ်ရှိသဖြင့် System Break Down မဖြစ်စေရေး ဓာတ်အားစနစ်အတွင်း ဝန်အားစီးဆင်းမှုကို ထိန်းညှိ၍ ပို့လွှတ်ခဲ့ရသည်။

ယခုအခါ ၂၃၀ ကေဗွီ သပြေဝ(မိတ္ထီလာ)မှ ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ) ဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁၄ မိုင် တည်ဆောက်ခြင်း၊ ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်း ၁၄၆ မိုင် တည်ဆောက်ခြင်းနှင့် ၅၀၀ ကေဗွီ စပါးကြွယ်(တောင်ငူ) ဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီ တောင်ငူခွဲရုံအထိ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် တောင်ငူပင်မဓာတ်အားခွဲရုံတွင် ၂၃၀ ကေဗွီ စပါးကြွယ်-တောင်ငူ ဓာတ်အားလိုင်း ချိတ်ဆက်နိုင်ရေးအတွက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းအင်အား ၃၂၅ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုလုပ်ငန်းများ ဆောင်ရွက်နေသည့် ၂၃၀ ကေဗွီ စပါးကြွယ်-တောင်ငူ ဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးပါက သပြေဝပင်မဓာတ်အားခွဲရုံမှ တောင်ငူပင်မဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီ ဓာတ်အားကို တိုက်ရိုက်ချိတ်ဆက် ပို့လွှတ်နိုင်မည်ဖြစ်သဖြင့် ယခင်က ဓာတ်အားထိန်းညှိ ပို့လွှတ်ခဲ့ရသည့် ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီးဓာတ်အားလိုင်းနှင့် သပြေဝ - သာစည် - ပျဉ်းမနား - သဲဖြူ - တောင်ငူ ဓာတ်အားလိုင်းတို့အား လျှပ်စစ်ဝန်အားထိန်းညှိ ပို့လွှတ်စရာ မလိုအပ်တော့ဘဲ ရွှေလီနှင့် ရဲရွာ ရေအားစက်ရုံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို တောင်ငူခွဲရုံမှတစ်ဆင့် ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်တောင်ပိုင်းဒေသများသို့ ဓာတ်အားပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည့်အပြင် ဓာတ်အားလိုင်းတွင်ဖြစ်ပေါ်နေသည့် ဓာတ်အားပျောက်ဆုံးမှုများလည်း လျော့နည်းသက်သာသွားမည်ဖြစ်သဖြင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။



အဆိုပါ သင်တန်းကို နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင်၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုအခြေခံလုပ်ငန်းဖြစ်သဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများ၏ အရည်အသွေး ကောင်းမွန်တိုးတက်ရန် အရေးကြီးကြောင်း၊ ဧည့်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော နေရာတစ်ခုအဖြစ် ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ဧည့်သည်၏ စိတ်ကျေနပ်မှုမှာ အရေးကြီးသောကြောင့် မိမိတို့ဘက်မှ အဆိုပါ အရည်အသွေးများ ပြည့်ဝအောင် လေ့ကျင့်သင်ကြားကြရန် လိုအပ်ကြောင်း၊ ယနေ့ဖွင့်လှစ်မည့် သင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်လေးမျိုးကို သင်ကြားသွားမည်ဖြစ်သောကြောင့် သင်တန်းသူ သင်တန်းသားများ အနေဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးက သင်တန်း ဖြစ်မြောက်လာပုံနှင့် သင်တန်း ဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ကြပြီး ဧည့်ကြိုဝန်ဆောင်မှု၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးမှု၊ စီမံခင်းကျင်းမှု၊ အိပ်ခန်းဆောင် ထိန်းသိမ်းမှုစသည့် ဘာသာရပ်လေးမျိုးကို နှစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ဟိုတယ်များ၏ အော်ဂဲနစ် အသီးအနှံထုတ်ကုန်များ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ခင်းကျင်းပြသမှုများနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် အသုံးချနေမှု အစီအမံများကို ကြည့်ရှုအားပေးပြီး အရည်အသွေးရှိသောထုတ်ကုန်များ ဖြစ်လာစေရေး ကြိုးစားကြရန် မှာကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းနယ်ပယ်ရှိ လုပ်ငန်းလုပ်ကိုင်သူများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရေး၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးတို့ကို ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွား ဝန်ဆောင်မှု သင်တန်းများနှင့် ဘာသာစကားသင်တန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအဖြစ် စနေနေ့တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲဆောင်ရွက်ခြင်းအား ယနေ့နံနက် ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်အထိ စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်နေပြည်သူများ ပါဝင်ချီတက်လမ်းလျှောက်ကြပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းမိုးလှိုင်နှင့် ဝန်ထမ်းများက သွေးပူလေ့ကျင့်ခန်း၊ အကြောလျှော့လေ့ကျင့်ခန်းများအား သရုပ်ပြဆောင်ရွက်ပေးခဲ့ကာ မြို့မပြည်သူ့ဘောလုံးအားကစားကွင်း၌ အားကစားပြိုင်ပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



# စာသင်ခန်းအတွင်း စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုပြောင်းလဲခြင်း

**သိန်းထွန်း (IR)**

**ပညာရေး၏ အနှစ်သာရတစ်ခု**

ပညာရေးလို့ဆိုလိုက်ရင် ကျောင်းသားတစ်ယောက်ကို ဘာသာရပ်ဆိုင်ရာ သင်ခန်းစာတွေ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စဉ်းစားတွေးခေါ်မှု၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အကျင့်စာရိတ္တ စတဲ့ ရုပ်ပိုင်းစိတ်ပိုင်း အရည်အသွေးတွေအပြင် အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုဆိုင်ရာ ကျင့်ဝတ်တွေကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရခြင်းတွေ ပါဝင်ပါတယ်။ အဲဒီလိုအချက်တွေ ပြည့်စုံမှလည်း အရည်အသွေးရှိတဲ့ပညာရေးလို့ သတ်မှတ်နိုင်တာပါ။ ဒါကြောင့် အရည်အသွေးရှိတဲ့ပညာရေးဖြစ်ဖို့ဆိုတာ ကျယ်ပြန့်ပြီး နက်နဲသိမ်မွေ့တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ပညာသင်ကြားရခြင်းရဲ့ အနှစ်သာရတွေ ပြည့်ဝဖို့ဆိုရာမှာ သင်ရိုးထဲမှာပါတဲ့ သင်ခန်းစာတွေကို သင်ပေးရုံ၊ သိရုံ၊ တတ်ရုံအပြင် အခြားအရည်အသွေးတွေရှိနေပါတယ်။ အနီးစပ်ဆုံး တွေ့နိုင်တာက သင်ခန်းစာ စာအုပ်တွေရဲ့ရှေ့ဆုံးမှာ အမှာစာပါပါတယ်။ အဲဒီအမှာစာထဲမှာ သင်ခန်းစာရဲ့ ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်။ ဒါက သင်ခန်းစာတစ်ခုချင်းစီတိုင်းရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ကျောင်းသားတွေအတွက် သင်ခန်းစာတစ်ခုချင်းစီအလိုက် ရည်ရွယ်ချက်နဲ့ သူ့ရဲ့အနှစ်သာရတွေက အရေးပါသလို ဘာသာရပ်အားလုံးနဲ့သက်ဆိုင်ပြီး ကျောင်းသားဘဝမှာသာမက လုပ်ငန်းခွင်နယ်ပယ်၊ လူမှုပတ်ဝန်းကျင်အထိ အသုံးဝင်တဲ့ အရည်အသွေးဆိုင်ရာ ရည်ရွယ်ချက်တွေလည်း ရှိနေပြန်ပါသေးတယ်။ အဲဒီတွေထဲက တစ်ခုကတော့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုအရည်အချင်းပဲဖြစ်ပါတယ်။

ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းဟာ ကျွန်တော်တို့ဘဝရဲ့နေရာတိုင်းမှာ အရေးပါပါတယ်။ ကျွန်တော်တို့တစ်တွေ ဆုံးဖြတ်ချက်ချရာမှာ ပြဿနာတွေဖြေရှင်းတာနဲ့ သတင်းအချက်အလက်အသစ်တွေကို ဆန်းစစ်ရာမှာ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းက အထောက်အကူဖြစ်စေပါတယ်။ လူတစ်ယောက်အတွက်ပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအတွက်ပဲဖြစ်ဖြစ် အဲဒီလိုအရေးပါတဲ့ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနဲ့ဆိုင်တဲ့ ကျွမ်းကျင်မှုတွေကို စာသင်ကျောင်းတွေမှာ ဘယ်လိုပြုစုပျိုးထောင်ကြသလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

ကျောင်းသားတွေဆိုတာက အသက်မွေးဝမ်းကျောင်းဘဝတွေကို မရောက်မီ စာသင်ကျောင်းတွေမှာ ဦးစွာတက်ကြတာမို့ စဉ်းစားတွေးခေါ်မှုနဲ့ပတ်သက်လို့ စာသင်ခန်းအတွင်းက သင်ကြားပေးမှုဟာ အရေးကြီးပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားမှုစွမ်းရည်တွေ ပြည့်ဝတဲ့ ဘက်စုံတော်တဲ့သူတစ်ဦးဖြစ်လာဖို့အတွက် အချက်အလက်တွေကို ဘယ်လိုပိုင်းခြားသုံးသပ်မယ်၊ အပြန်အလှန်ဆွေးနွေးမှုတွေကို ဘယ်လိုအကဲဖြတ်မယ်၊ သက်သေအထောက်အထားတွေကနေ ဘယ်လိုကောက်ချက်ဆွဲမလဲဆိုတဲ့ နည်းစနစ်တွေကို ကျောင်းတွေကနေ ကျောင်းသားတွေကို သင်ကြားပေးကြပါတယ်။

သင်ကြားရေးတာဝန်ယူထားရတဲ့သူတွေအနေနဲ့ သမိုင်းဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ သင်္ချာ၊ စာပေနဲ့ ဝိဇ္ဇာဘာသာရပ်တွေက နမူနာပုံစံတွေ အသုံးပြုပြီး ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ ကျွမ်းကျင်မှုတွေကို သင်ကြားပေးကြပါတယ်။ ဒါမှလည်း ကျောင်းသားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြစ်လိုအပ်တဲ့ စွမ်းရည်တွေထဲကတစ်ခုကို ရရှိစေမှာဖြစ်ပါတယ်။




**ဝေဖန်ပိုင်းခြားစဉ်းစားတတ်စေဖို့**

ဝေဖန်ပိုင်းခြားတွေးခေါ်မှုဟာ အလွတ်ကျက်မှတ်ခြင်းသဘောထက် သာပါတယ်။ ဒီနည်းလမ်းက အယူအဆတွေ တစ်ခုနဲ့တစ်ခု ချိတ်ဆက်စဉ်းစားတတ်ဖို့၊ ပြဿနာတွေ ဖြေရှင်းနိုင်ဖို့၊ တီထွင်ကြံဆတွေးခေါ်ဖို့နဲ့ အသိပညာကို နည်းလမ်းသစ်နဲ့ အသုံးချဖို့အတွက် ကျောင်းသားတွေကို တွန်းအားဖြစ်စေပါတယ်။ ကျောင်းသားတစ်ဦးအတွက် ဝေဖန်ပိုင်းခြားနိုင်တဲ့ တွေးခေါ်မှုစွမ်းရည်ဟာ ဘာသာရပ်အားလုံး အောင်မြင်မှုအတွက်သာမကဘဲ နေ့စဉ်ဘဝတွင်လည်း မရှိမဖြစ်လိုအပ်ပါတယ်။

ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ လုပ်ငန်းစဉ်မှာ မှန်ကန်တဲ့ ကောက်ချက်ချနိုင်ဖို့အတွက် သက်ဆိုင်ရာဘာသာရပ်နဲ့ဆိုင်တဲ့ ယခင်က အတွေ့အကြုံတွေနဲ့ အခြေခံဗဟုသုတတွေ ပေါင်းစပ်ပြီး ဆက်စပ်စဉ်းစားရတာတွေ ပါဝင်ပါတယ်။ ဒါကြောင့် စာသင်ခန်းအတွင်းမှာ ကျောင်းသားတွေရဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ အရည်အသွေးတွေ ပြုစုပျိုးထောင်ဖို့ ဒါမှမဟုတ် မြှင့်တင်ပေးဖို့ဆိုရင် သင်ကြားရေးမှာ တာဝန်ရှိသူတွေရဲ့ အခန်းကဏ္ဍ၊ သင်ကြားရေးနည်းစနစ်၊ အကဲဖြတ်မှု၊ အထောက်အကူပစ္စည်းတွေရဲ့ အရေးပါမှုကို တွေ့ရမှာဖြစ်ပါတယ်။ ဒီတော့ ကျောင်းတွေမှာ ကျင့်သုံးနေကြတဲ့ စာသင်ခန်းအတွင်း အလေ့အထတွေနဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုတွေ ပိုပြီးကျိုးကြောင်းဆီလျော်ဖို့နဲ့ တိကျမှန်ကန်တဲ့ တွေးခေါ်မှုတွေကို ဘယ်လိုပြုစုပျိုးထောင်ပေးသလဲဆိုတာ ပညာရေးရဲ့ အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ရပ် ဖြစ်နေပါတယ်။

ပညာရေးမှာ ဝေဖန်ပိုင်းခြား တွေးခေါ်နည်းဆိုတာ နည်းစနစ်တကျလုပ်ဆောင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အဲဒီလိုစဉ်းစားတွေးခေါ်မှုဟာ ရိုးရှင်းတဲ့ ရေးရိုးစဉ်းစားတွေးခေါ်မှုတွေနဲ့ ကွာခြားပါတယ်။ ဥပမာအားဖြင့် ဆရာတစ်ဦးက ကျောင်းသားတစ်ဦးကို “ထပ်ပြီးစဉ်းစားပါဦး” ဒါမှမဟုတ် “နောက်ထပ်တစ်နည်း လှည့်စဉ်းစားပါဦး” လို့ တိုက်တွန်းတာကို စဉ်းစားကြည့်ပါ။ အမှန်တကယ်က အဲဒီလိုပြောဆိုခြင်းဟာ “ပိုပြီးနက်နဲတဲ့အဖြေရဖို့ ဝေဖန်ပိုင်းခြားစဉ်းစားဖို့” ဆရာကပြောခြင်းဖြစ်ပါတယ်။

အဲဒီလိုပဲ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှုတွေ မြင့်တက်လာဖို့နဲ့ ဝေဖန်ပိုင်းခြားစဉ်းစားမှုမှာ ကျွမ်းကျင်မှုတွေရှိဖို့အတွက် ပြုစုပျိုးထောင်ပေးတဲ့ နည်းလမ်းတွေ များစွာရှိကြပါတယ်။ ပညာရေးမှာသာမက အခြားသက်ဆိုင်ရာနယ်ပယ်အလိုက် ကွဲပြားခြားနားမှုတွေလည်း ရှိကြပါတယ်။ ကျောင်းသားတွေအတွက် စာသင်ခန်းအတွင်းမှာ ရေးရိုးစွဲစဉ်းစားတွေးခေါ်မှုပုံစံတွေကနေ ပြောင်းလဲပြီး ဝေဖန်ပိုင်းခြားစဉ်းစားမှုအရည်အသွေး မြှင့်တင်ပေးနိုင်မယ့် အကြံပြုချက်အချို့ရှိပါတယ်။

**ဝေဖန်ပိုင်းခြား စဉ်းစားသည့်နည်းလမ်း သင်ကြားပေးခြင်း**

ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဉ်းစားတတ်အောင် သင်ပေးခြင်းကြောင့် ဖြစ်စဉ်အမှန်အချက်အလက်တွေနဲ့ သဘောထားအယူအဆတွေအကြား ကွာခြားမှုကို ကျောင်းသားတွေ နားလည်စေပါတယ်။ ဖြစ်စဉ်အမှန်တွေဆိုတာက သက်သေအထောက်အထားတွေကို အသုံးပြုပြီး သက်သေပြနိုင်တဲ့ မှန်ကန်တဲ့အခြေအနေတွေ ဖြစ်ပါတယ်။ ထင်မြင်ယူဆချက်တွေဆိုတာက ကိုယ့်ရဲ့အတွေ့အကြုံတွေ၊ ခံစားချက်တွေ၊ ကိုယ်တန်ဖိုးထားတာတွေနဲ့ နှစ်သက်တာတွေအပေါ် အခြေခံတဲ့ ယုံကြည်ချက် ဖြစ်ပါတယ်။ ကျောင်းသားတွေအတွက် အဖြစ်မှန်အချက်အလက်နဲ့ သဘောထားအယူအဆဆိုတာအကြား ရှုပ်ထွေးမှုတွေဖြစ်တတ်ကြပါတယ်။ ဒါကတော့ ကျောင်းသားတွေမှ မဟုတ်ပါဘူး၊ အခြားသူတွေမှာလည်း ဖြစ်တတ်ကြပါတယ်။

ဥပမာအားဖြင့် “နွားနို့ဝယ်ဖို့အတွက် စတိုးဆိုင်ကို ငါသွားမလို့” ဆိုတဲ့စကားမှာ သဘောထားထင်မြင်ယူဆချက်မပါပါဘဲ ရိုးရိုးရှင်းရှင်းပဲ ပြောထားတာပါ။ အဲဒီလိုမဟုတ်ဘဲ “နွားနို့ရဲ့အရသာကောင်းတယ်”လို့ ပြောလိုက်ရင်တော့ သဘောထား ပါဝင်လာပါပြီ။ ဒါကြောင့် ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ နည်းလမ်းတွေ သင်ကြားပေးတဲ့အခါ အချက်အလက်နဲ့ ထင်မြင်ယူဆချက်တွေကို ခွဲခြားနားလည်စေရေး အထောက်အကူပေးဖို့ အာရုံစိုက်ဖို့လိုပါတယ်။ ကျောင်းသားတွေကိုယ်တိုင် ဝေဖန်ပိုင်းခြား စဉ်းစားတတ်အောင် ဆရာတွေက သင်ကြားပေးခြင်းဖြင့် ကျောင်းသားတွေဟာ အချက်အလက်တွေကို ခွဲခြားသုံးသပ်နိုင်စွမ်းနဲ့ ပြဿနာဖြေရှင်းနိုင်စွမ်းတွေ တိုးတက်စေလာမှာဖြစ်ပါတယ်။

**ဝေဖန်ပိုင်းခြားစဉ်းစားမှုကို အားပေးခြင်း**

ကျောင်းသားတွေ ဝေဖန်ပိုင်းခြားပြီး စဉ်းစားနိုင်အောင်အားပေးဖို့ဆိုတာ အရာရာတိုင်းကို မေးခွန်းမေးတတ်ဖို့ သူတို့ကို အားပေးခြင်းဖြစ်ပါတယ်။ မေးခွန်းတွေမေးခြင်းဟာ ကျောင်းသားတွေကို ပိုမိုတွေးခေါ်တတ်သူတွေ ဖြစ်စေပါတယ်။ မေးခွန်းတွေမေးခြင်းကြောင့် ကျောင်းသားတွေဟာ ကိစ္စရပ်တွေကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာနိုင်စေပြီး ၎င်းတို့ကိုယ်တိုင် အဖြေထုတ်လာနိုင်စေပါတယ်။ ဒ့ါအပြင် မေးခွန်းတွေမေးတဲ့အတွက် ကျောင်းသားတွေဟာ နက်နက်နဲနဲစဉ်းစားလာသလို ဝေဖန်ပိုင်းခြားနိုင်မှုလည်း ရရှိစေပါတယ်။ မေးခွန်းမေးတယ်ဆိုရာမှာတော့ ဆရာက မေးတာလည်းရှိသလို ကျောင်းသားတွေ မေးတာကိုလည်း ခွင့်ပြုပေးဖို့လိုပါတယ်။ ဒ့ါအပြင် မေးတဲ့မေးခွန်း ထိရောက်လေ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှုကို ပိုမိုထိရောက်စေပါတယ်။

**အဖြစ်မှန်နမူနာများကို အသုံးပြုခြင်း**

အဖြစ်မှန်နမူနာတွေကို အသုံးပြုခြင်းဟာ ကျောင်းသားတွေရဲ့ တွေးပုံတွေးနည်းကို သင်ကြားပေးရာမှာ အထောက်အကူ ဖြစ်စေပါတယ်။ လက်တွေ့အဖြစ်မှန် နမူနာတွေကို အသုံးပြုခြင်းဖြင့် ကျောင်းသားတွေအနေနဲ့ ကျောင်းပြင်ပအခြေအနေဆိုင်ရာ အယူအဆတွေကို အသုံးချနိုင်စေပါတယ်။ ဥပမာအားဖြင့် ယုတ္တိမတန်တဲ့ အထင်အမြင်လွဲမှားနေတာတွေကို ဆန်းစစ်သတ်မှတ်တာနဲ့ ပတ်သက်လို့ ဆရာတွေက ကျောင်းသားတွေကို သင်ကြားပေးခြင်းအားဖြင့် စာသင်ခန်းအတွင်း အပြန်အလှန်ဆွေးနွေးရာမှာ အဲဒီအမှားတွေကို ဘယ်လိုခွဲခြားသတ်မှတ်ရသလဲဆိုတာ ကျောင်းသားတွေကို သင်ကြားပြသနိုင်ပါတယ်။ ဒ့ါအပြင် အကျိုးအကြောင်းမဆီလျော်တဲ့ ထင်မြင်ယူဆမှုတွေကို ခွဲခြားသတ်မှတ်တဲ့နည်းကို စာသင်ခန်းအတွင်း သင်ကြားပြသခြင်းကြောင့် အခြားသူတွေပြုလုပ်တဲ့ အမှားတွေကို ဖော်ထုတ်နိုင်တဲ့ အလေ့အကျင့်နဲ့ သင်ခန်းစာယူပြင်ဆင်နိုင်တဲ့ အလေ့အကျင့်ကို ရရှိစေပါတယ်။

> **“ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားတဲ့ စဉ်းစားတွေးခေါ်မှုတွေကို မြှင့်တင်ပေးဖို့အတွက် အခြားနည်းလမ်းတွေလည်းရှိပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာဆိုရင် ဆုံးဖြတ်ချက်ချမှတ်တာတွေကို အားပေးခြင်း၊ အဖွဲ့လိုက်စုပေါင်းလုပ်ဆောင်ခြင်း၊ မတူညီတဲ့အမြင်တွေကို ပေါင်းစပ်ခြင်း၊ မတူညီတဲ့အကြံဉာဏ်တွေကို ချိတ်ဆက်ခြင်း၊ တီထွင်ဖန်တီးမှုကို အားပေးခြင်း၊ စဉ်းစားတွေးခေါ်မှုကို နှိုးဆွပေးခြင်းဆိုတဲ့ နည်းလမ်းတွေလည်း ပါဝင်ပါတယ်။ ကျောင်းသားတွေဆိုတာက တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့အခြေအနေအမျိုးမျိုးရှိတတ်ကြတာမို့ ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှုတွေကို မြှင့်တင်ပေးဖို့ဆိုရင် လိုက်လျောညီထွေရှိပြီး ထိရောက်မှုရှိစေတဲ့နည်းလမ်းတွေကို အသုံးပြုမှ ရလဒ်တွေကောင်းမွန်မှာဖြစ်”**

စာမျက်နှာ ၇ သို့ ✳

# လျှပ်စစ်သုံးယာဉ်စစ်ဆေးရေးအထောက်အကူပြုသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ လျှပ်စစ်သုံးယာဉ် စစ်ဆေးရေး အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်အစိုးရအနေဖြင့် လောင်စာဆီအသုံးပြုမှုနှင့် လောင်စာဆီထုတ်လုပ်သည့်နိုင်ငံများကို မှီခိုရမှုမှ လျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ရည်ရွယ်၍ လောင်စာဆီသုံးယာဉ်များအစား လျှပ်စစ်သုံးယာဉ်များဖြင့် ပြောင်းလဲအသုံးပြုနိုင်ရန်အပြင် Public Transportation အတွက် ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရန် ဆိုသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစိုးရဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကကဏ္ဍအားလုံး ပူးပေါင်းပါဝင်လာရေး ဆောင်ရွက်လျက်ရှိကြောင်း၊ EV Policy ကို ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် ဦးဆောင်ကော်မတီ၏ ဦးဆောင်မှုနှင့်အတူ လုပ်ငန်းကော်မတီ ငါးခု ဖွဲ့စည်းပြီး သက်ဆိုင်ရာကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် လျှပ်စစ်သုံးယာဉ်စစ်ဆေးရေး အထောက်အကူပြုသင်တန်းသည် Pilot Project ကာလအတွင်း ကြိုတင်ပြင်ဆင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေကြောင်း၊ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များ၊ အားသွင်းကိရိယာများကို တင်သွင်း၊ တပ်ဆင်၊ အသုံးပြုသည့်အခါ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရန်၊ ဘေးအန္တရာယ်ကင်းစေရန် ကြီးကြပ်ဆောင်ရွက်ရမည့် တာဝန်ရှိသူများအနေဖြင့် လျှပ်စစ်သုံးယာဉ်များ၏ နည်းပညာဆိုင်ရာ အသိပညာ ဗဟုသုတများရရှိစေရန်၊ ယာဉ်စစ်ဆေးသည့်အခါတွင် အထောက်အကူဖြစ်စေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

EV ကားတစ်စီး၏ ဖွဲ့စည်းတည်ဆောက်မှုတွင် ပါဝင်သည့် စနစ်များ၏ ယုံကြည်စိတ်ချရမှု၊ စွမ်းအင်သိုလှောင်မှုစနစ်၊ မော်တော်ယာဉ်၏ တုန်ခါမှုကြောင့် ရုတ်တရက် Shock Circuit နှင့် Error များကို ကာကွယ်သည့်စနစ်၊ အပူချိန်လွန်ကဲမှုကို ကာကွယ်မည့်စနစ်၊ လူကို အန္တရာယ်မဖြစ်စေရေး သတိပေးမည့် Alarm System များပါ/မပါ၊ Specification များအတိုင်း အမှန်တကယ် တင်သွင်းလာမှု ရှိ/မရှိ စသည်တို့ကို စစ်ဆေးနိုင်ရန်အတွက် ယခုသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ အကောက်ခွန်ဦးစီးဌာနမှ ၁၀ ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ငါးဦး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေးဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သုံးဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လေးဦး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနမှ သုံးဦး၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ နှစ်ဦး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ငါးဦး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ သုံးဦး စုစုပေါင်း ဦးစီးဌာန/ လုပ်ငန်း ကိုးခုမှ သင်တန်းသားစုစုပေါင်း ၃၉ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် လျှပ်စစ်ယာဉ်ပေါ်၌ ပါဝင်သည့် အမှတ်အသားများနှင့် ပတ်သက်သော ရှင်းလင်းချက်၊ စံချိန်စံညွှန်းအရ တည်ဆောက်ထားသည့် EV Structure နှင့် High Voltage Battery အသုံးပြုထားခြင်းကြောင့် Insulation ပြုလုပ်ထားမှု၊ Battery အတွက် စမ်းသပ်စစ်ဆေးမှု၊ အားသွင်းစနစ်နှင့် EV ပါ Charging Modes များနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီတွင် ကျင်းပရာ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ စုရပ်ပြုလုပ်၍ မင်းကြီးလမ်း (ဗဟိုလမ်း)မှ အောက်မင်္ဂလာဒုံလမ်း တစ်လျှောက် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း စုစုပေါင်း အင်အား ၅၀၀ ကျော်ဖြင့် စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါလမ်းလျှောက်ရာတွင် အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှတ်(၆၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး၊ ရဲတပ်ဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အားကစား ကိုယ်လက်လှုပ်ရှား စုပေါင်းလမ်းလျှောက်ခြင်းတွင် ကျန်းမာရေးလိုက်စားသူ ပြည်သူများ ပါဝင်ဆင်နွှဲ လမ်းလျှောက်ခဲ့ကြပြီးနောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမော် ဦးဆောင်၍ အကြောလျှော့ လေ့ကျင့်ခန်းများ စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**မြင့်ဦး**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

---

✳ စာမျက်နှာ ၆ မှ

### တုံ့ပြန်ချက်ပေးခြင်း

တုံ့ပြန်ချက်ပေးခြင်းဟာလည်း ကျောင်းသားတွေရဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ စွမ်းရည်မြှင့်တင်ဖို့သင်ကြားပေးရာမှာ ထိရောက်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒီနည်းလမ်းနဲ့ ကျောင်းသားတွေကို အကောင်းမြင်စိတ်နဲ့ အပြုသဘောဝေဖန်ပေးခြင်းကြောင့် သူတို့ရဲ့ စွမ်းဆောင်ရည်ကို တိုးတက်စေပါတယ်။ ဒီလိုမဟုတ်ဘဲ ကျောင်းသားတွေအပေါ် အပျက်သဘော တုံ့ပြန်ချက်ပေးလိုက်မယ်ဆိုရင် ကျောင်းသားတွေရဲ့ စွမ်းဆောင်ရည်ကို တိုးတက်မလာစေဘဲ ဆုတ်ယုတ်သွားစေနိုင်ပါတယ်။ အပြုသဘောဆောင်တဲ့ တုံ့ပြန်ချက်နဲ့ အကြံပြုချက်တွေကသာ ကျောင်းသားတွေကို အောင်မြင်မှုဆီ ဆက်လက်တက်လှမ်းနိုင်ဖို့ စိတ်ဓာတ်မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

### စံနမူနာပြခြင်း

ကောင်းမွန်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားမှုစွမ်းရည်ကို စံနမူနာပြခြင်းဟာ ကျောင်းသားတွေကို ပိုမိုကောင်းမွန်တဲ့ တွေးခေါ်ရှင်တွေဖြစ်လာဖို့ သင်ကြားပေးရာမှာ အထိရောက်ဆုံးနည်းလမ်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားပြီး ဘယ်လိုစဉ်းစားတွေးခေါ်ရမယ်ဆိုတာ ကျောင်းသားတွေကို သင်ကြားပေးဖို့အတွက် ကောင်းမွန်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ကျွမ်းကျင်မှုတွေကို စံနမူနာပြဖို့လိုပါတယ်။ ကောင်းမွန်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့စွမ်းရည်တွေမှာဆိုရင် လွတ်လပ်စွာဖြေဆိုနိုင်တဲ့ မေးခွန်းတွေမေးခြင်း၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း၊ အရင်းအမြစ်တွေကို အကဲဖြတ်ခြင်းနဲ့ ယုတ္တိမတန်တဲ့ အယူအဆအမှားတွေကို ပိုင်းခြားသတ်မှတ်ခြင်းတို့ ပါဝင်ပါတယ်။ ဘယ်လိုဝေဖန်ပိုင်းခြားစဉ်းစားရမယ်ဆိုတာနဲ့ ကောင်းမွန်တဲ့ ဝေဖန်သုံးသပ်စဉ်းစားခြင်းဆိုင်ရာ ကျွမ်းကျင်မှုတွေကို ကျောင်းသားတွေ အတုယူလိုက်နာနိုင်အောင် သင်ကြားပေးသူတွေကိုယ်တိုင် စံနမူနာပြဦးဆောင်ခြင်းဖြင့် ကျောင်းသားတွေကို အောင်မြင်တဲ့ သင်ယူသူတွေဖြစ်အောင် ကူညီဆောင်ရွက်ပေးနိုင်ပါတယ်။

### အခြားနည်းလမ်းများ

ဒါ့အပြင် ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားတဲ့ စဉ်းစားတွေးခေါ်မှုတွေကို မြှင့်တင်ပေးဖို့အတွက် အခြားနည်းလမ်းတွေလည်း ရှိပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာဆိုရင် ဆုံးဖြတ်ချက်ချမှတ်တာတွေကို အားပေးခြင်း၊ အဖွဲ့လိုက်စုပေါင်းလုပ်ဆောင်ခြင်း၊ မတူညီတဲ့အမြင်တွေကို ပေါင်းစပ်ခြင်း၊ မတူညီတဲ့ အကြံဉာဏ်တွေကို ချိတ်ဆက်ခြင်း၊ တီထွင်ဖန်တီးမှုကို အားပေးခြင်း၊ စဉ်းစားတွေးခေါ်မှုကို နှိုးဆွပေးခြင်းဆိုတဲ့ နည်းလမ်းတွေလည်း ပါဝင်ပါတယ်။ ကျောင်းသားတွေဆိုတာက တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့ အခြေအနေအမျိုးမျိုးရှိတတ်ကြတာမို့ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုတွေကို မြှင့်တင်ပေးဖို့ဆိုရင် လိုက်လျောညီထွေရှိပြီး ထိရောက်မှုရှိစေတဲ့နည်းလမ်းတွေကို အသုံးပြုမှ ရလဒ်တွေကောင်းမွန်မှာဖြစ်ပါတယ်။

### လူသားအရည်အသွေးတစ်ခု

ယနေ့ခေတ်လို ဉာဏ်ရည်တုတွေ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေတဲ့ကမ္ဘာကြီးမှာ ဝေဖန်ပိုင်းခြားတွေးခေါ်မှုလို လူသားဆန်တဲ့တန်ဖိုးတွေ ပိုပြီးအရေးကြီးလာနေပါတယ်။ နည်းပညာအပေါ် မှီခိုအားထားခြင်းကြောင့် ဘဝပုံစံတွေကို များစွာရိုးရှင်းစေပေမယ့်လို့ တစ်ပြိုင်နက်တည်းမှာပဲ အချို့သော ကျွမ်းကျင်မှုတွေနဲ့ စွမ်းရည်တွေကို ပိုင်ဆိုင်ထားမယ်ဆိုရင် အလားအလာရှိတဲ့ အလုပ်ရှင်တွေကို ပိုမိုဆွဲဆောင်မှုရရှိစေပြီး အဲဒီအရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ထားတဲ့ တစ်ဦးချင်းစီအတွက်လည်း ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် စာသင်ခန်းအတွင်းက စဉ်းစားတွေးခေါ်မှုဆိုင်ရာ ယဉ်ကျေးမှုတွေကို ယခင်ရှေးရိုးစွဲပုံစံကနေ ဝေဖန်ပိုင်းခြားစဉ်းစားတဲ့ပုံစံကို ပြောင်းလဲခြင်းအားဖြင့် ပညာရေးရဲ့အရည်အသွေးကို မြှင့်တင်နိုင်မှာဖြစ်ပြီး ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုတွေကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။ ။

**ကိုးကား – Paul Main, Developing Critical Thinking Skills in the Classroom, https://www.structural-learning.com/post/what-is-critical-thinking**

# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များနှင့် စာရေးဆရာ၊ ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ငွေကျပ် ၂၄ သိန်း ၇ သောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က လက်ခံရယူသည်။

**(၃၅)ကြိမ်မြောက်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲအခမ်းအနားကို ၁၉၈၀ ပြည့်နှစ်မှစတင်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးပြီးကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၃၅)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် သက်ကြီးစာပေပညာရှင် ၁၀ ဦး ခန့်ရှိခဲ့ရာမှ ၁၉၉၆ ခုနှစ်မှ ယနေ့အချိန်အထိ သက်ကြီးစာပေပညာရှင်၂၄၇ ဦးခန့်ရှိပြီ ဖြစ်ကြောင်း။

စာပေမြင့်မှ လူမျိုးတင့်မည် ဆိုစကားနှင့်အညီ စာပေပညာရှင်များသည် မိမိတို့၏ ကျေးဇူးရှင်များဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးကလည်း သက်ကြီး စာပေပညာရှင်များကို လေးစားတန်ဖိုးထားမှုဖြင့် တစ်ဦးချင်းအလိုက် လှူဒါန်းပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်ကို ဖြည့်စွက်ပြောကြားလိုကြောင်း၊ စာပေဗိမာန် နှစ်ပတ်လည်နေ့က လည်း စာရေးဆရာကြီးများကို ထိုက်တန်စွာ ချီးမြှင့်ခဲ့သည့်နည်းတူ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေဆုနှင့် ၂၀၂၁ ခုနှစ် အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာ စာပေဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့ကြောင်း။

ယနေ့တွင် စာပေပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် စာပေဗိမာန်ထက် ပိုမိုမြင့်မားသော စာဆိုဗိမာန်ကို တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စာပေပညာရှင်များကို စိစစ်၍ ဘွဲ့ထူး၊ ဂုဏ်ထူးများကို ချီးမြှင့်လျက်ရှိပြီး (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် စာပေပညာရှင်ကြီးများကို အလေးထားသောအားဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူးများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရှိသေလေးစားရပါသော ဆရာကြီး၊ ဆရာမကြီးများ အသက်ရာကျော်တိုင် ကလောင်ကိုင်ဆွဲ၍ တိုင်းပြည်အကျိုးကို သယ်ပိုးနိုင်ကြစေကြောင်း ပြောကြားသည်။

**ကန်တော့ခံ ၂၄၇ ဦးရှိ**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ၁၉၄၄ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့အထိ သက်ကြီး စာပေပညာရှင် ကန်တော့ခံ ၂၄၇ ဦးရှိပြီး နိုင်ငံ့အကျိုး၊ ပြည့်အကျိုးကို သယ်ပိုးလျက် သက်ရှည်ကျန်းမာ၍ ကိုယ်၊ စိတ်နှစ်ဖြာလန်းဖြာကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က သက်ကြီးစာပေပညာရှင်များအား ယခင်နှစ်များနှင့်မတူ လှူဒါန်းကန်တော့နိုင်မှုကြောင့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အလှူရှင်များကို ကျေးဇူးအထူးတင်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စာပေခွန်အား၊ အနုပညာခွန်အားဖြင့် ဝိုင်းဝန်းကူညီရမည့် အချိန်အခါလည်းဖြစ်ကြောင်း၊ နိုင်ငံ့အရေးသည် နိုင်ငံသူနိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ရမည့် အရေးဖြစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရှင်များအနေဖြင့် ကလောင်သွားဖြင့် စာပေတန်ဆောင်မီးရှူးတန်ဆောင်အဖြစ် လမ်းပြသွားရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အတွေးအခေါ်များ မှန်ကန်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် စာပေပညာရှင်များကလည်း တစ်ဖန်ပြန်လည် အကျိုးပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီမှ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) က အလှူရှင်များစာရင်းကို ဖတ်ကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများအား ကန်တော့ချီးဖြင့် လက်အုပ်ချီကန်တော့ကြပြီး တက်ရောက်လာကြသော ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီး ၁၂၀ အား ကန်တော့ခံပစ္စည်းများ၊ ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဩဝါဒစကားပြောကြား**

ထို့နောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား စာရေးဆရာကြီး တက္ကသိုလ်မြတ်သူက ဩဝါဒစကားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာများ ပုံနှိပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ပြီး စာပေပညာရှင်ကြီးများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူငယ်များ ပါဝင်လာစေရန်အတွက် လူငယ်နှင့် ပြည်သူများ ကြိုက်နှစ်သက်သည့် စိတ်ဝင်စားဖွယ် ပြည်သူ့အကျိုးပြုစာပေများ ယခုထက် ပိုမိုကောင်းမွန်စွာ ရေးသားထုတ်ဝေနိုင်ရေး အလေးထားဆောင်ရွက်ပေးရန် မှာကြားကာ စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တက်ရောက်လာကြသူများက စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ကြစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သက်ကြီးစာပေပညာရှင်ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာများပုံနှိပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဘားအံမြို့ ဒီဇင်ဘာလူထုအားကစားလတတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြည်သူ ၂၉၇၆ ဦး ပါဝင်ဆင်နွှဲ



**ဘားအံ ဒီဇင်ဘာ ၁၇**

ကိုယ်လက်လှုပ်ရှားအားကစား ကျန်းမာရေး လေ့ကျင့်ခန်းများဆောင်ရွက်ခြင်းဖြင့် တစ်ဦး တစ်ယောက်ချင်းစီမှသည် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်စေရေးရည်ရွယ်၍ဒီဇင်ဘာလူထုအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၅ နာရီခွဲခန့်က ဘားအံမြို့ သီရိကွင်းရှေ့၌ ကျင်းပသည်။

**တည်ခင်းဧည့်ခံ**

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘားအံ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဘားအံမြို့ပေါ်ရပ်ကွက်များရှိ ပြည်သူ များ စုစုပေါင်းအင်အား ၂၉၇၆ ဦးတို့သည် သီရိလမ်း၊ ဇဗ္ဗူမြိုင်လမ်း၊ ရွှေကြက်ဖမီးပွိုင့်မှ ဘားအံ–ထုံးအိုင် လမ်း၊ နိဗ္ဗိန္ဒမီးပွိုင့်မှ အင်ကုန်းလမ်း၊ ထိုမှတစ်ဆင့် သီရိလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး သီရိကွင်းအတွင်းသို့ ဝင်ရောက်ကာ အကြောလျှော့ လေ့ကျင့်ခန်းများဆောင်ရွက်၍ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ် အတွဲအမှတ်(၁) နှင့် အမှတ်(၂)တို့ကို ဆောင်ရွက်ခဲ့ကြပြီး ဒီဇင်ဘာ အားကစားလတတိယပတ်လူထုစုပေါင်းလမ်းလျှောက် ပွဲသို့ ပါဝင်ဆင်နွှဲသူများအား လမ်းဦးစီးဌာနမှ နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာ အားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှကျောင်းသား ကျောင်း သူများ၊ သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ်နှင့် ရန်ကင်းပညာ ရေး ဒီဂရီကောလိပ်တို့မှ ကျောင်း သား ကျောင်းသူများ၊ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

လမ်းလျှောက်ပွဲတက်ရောက် လာသူများသည် နံနက် ၆ နာရီ တွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင် နှင့် ပြည်သူ့ဥယျာဉ်အတွင်း စုရပ် ပြုလုပ်ပြီး ပြည်လမ်းအတိုင်း၊ ထို့နောက် ရှင်စောပုလမ်းမှ တော်လှန်ရေးပန်ခြံ (ရန်ကုန်) အတွင်းမှ ဖြတ်သန်း၍ ဦးဝိစာရ လမ်းမှတစ်ဆင့် ရွှေတိဂုံ စေတီတော် အနောက်ဘက်မုခ်၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် အရှေ့ဘက်အပေါက်မှ ပြည်သူ့ ဥယျာဉ်အတွင်းသို့ စုပေါင်း လမ်းလျှောက်ကြပြီး ရင်ပြင် အတွင်း၌ နေရာယူ၍ ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# ပဲခူးမြို့၌ ဒီဇင်ဘာ(တတိယပတ်) လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ စုစုပေါင်းအင်အား ၃၅၀၀ ခန့် ပါဝင်ဆင်နွှဲ

**ပဲခူး ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ တွင်ကျင်းပသည့် ဒီဇင်ဘာ(တတိယပတ်) လူထု အားကစားလ စုပေါင်းလမ်းလျှောက်ပွဲသို့တက်ရောက် သည်။

**စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်**

ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းရှေ့မှစတင်၍ တောင်ငူလမ်း၊ ရှင်စောပုလမ်း၊ ရွှေမော်ဓောဘုရားလမ်း၊ ဟင်္သာလမ်းနှင့် ဟံသာဝတီ ယူနိုက်တက်ဘောလုံးကွင်းအထိ စုပေါင်းလမ်းလျှောက် ကြပြီး ဘောလုံးကွင်းအတွင်း၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အဆိုပါ ဒီဇင်ဘာလူထုအားကစားလ စုပေါင်း လမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)

# တာချီလိတ်မြို့၌ မီနီမာရသွန်အပြေးပြိုင်ပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၇**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ရည်ရွယ်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ တွင်Township Sport Development Program (TSDP) အစီအစဉ်အရ မီနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက တာချီလိတ်မြို့ အမှတ်(၂) တံတား၌ ကျင်းပသည်။

မီနီမာရသွန်အပြေးပြိုင်ပွဲကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက တာလွှတ်ပေး ပြီး ပြိုင်ပွဲဝင်အားကစားသမားများက အမှတ်(၁) တံတားအထိပြေး၍ အားကစားကွင်းသို့ပန်းဝင်ကြ သည်။

ထို့နောက် မီနီမာရသွန်ပြိုင်ပွဲတွင် ဆုရရှိသူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ တာချီလိတ် အားကစားကွင်း၌ ဒီဇင်ဘာအားကစားလ လူထု လမ်းလျှောက်ပွဲ (တတိယပတ်)ကို ကွင်းနှစ်ပတ်ပါဝင် ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း ပြုလုပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



**စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**

## စစ်တွေမြို့ စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**စစ်တွေ ဒီဇင်ဘာ ၁၇**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလ လူထု အားကစားလအဖြစ် သတ်မှတ်ပြီး လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ၊ Physical Fitness Dance များ စုပေါင်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက စစ်တွေမြို့ ရှုခင်းသာလမ်းဆုံရှေ့၌ ကျင်းပသည်။

ရခိုင်ပြည်နယ် ဒီဇင်ဘာလူထု အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေမြို့ ရှုခင်းသာလမ်း တြိဂံလမ်းဆုံရှေ့မှ စတင်၍ ရှုခင်းသာလမ်းအတိုင်း၊ ထိုမှတစ်ဆင့် စစ်တွေကမ်းခြေသို့ ပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီးစစ်တွေကမ်းခြေ သဲသောင်ပြင်၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အတွဲ အမှတ်(၁)နှင့် အမှတ်(၂)တို့ကို ဆောင်ရွက်ကြသည်။

စုပေါင်း လမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ စစ်တွေမြို့ပေါ် ရပ်ကွက်များမှ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ ကျော် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**





## ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ မုံရွာတွင်ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ အားကစားလ တတိယအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအရှေ့ဘက်ရှိ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နေပြည်သူများ၊ အာကစားကိုချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

စုရပ်နေရာဖြစ်သည့်ပြည်သူ့အားကစားကွင်းရှေ့ ဗိုလ်ချုပ်လမ်းမှစတင်၍ ကန်သာယာရာပြည့်ကပ်ကျော်စေတီတော်ကြီးအထိ ပြည်သူနှင့်ဌာနဆိုင်ရာဝန်ထမ်းစုစုပေါင်းအင်အား ၃၅၀၀ ကျော်ဖြင့် အသွားအပြန် တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တာဝန်ရှိသူများနှင့် စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများက မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်ကာယလေ့ကျင့်ခန်း အတွဲ ၁၊ ၂နှင့် Fitness Dance တို့ကို တပျော်တပါး စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး ဒီဇင်ဘာလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများပါဝင်ဆင်နွှဲ

**မကွေး ဒီဇင်ဘာ ၁၇**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက် ၆ နာရီက မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အားကစားလှုပ်ရှားမှု လူထုစုပေါင်းလမ်းလျှောက်ပွဲ (တတိယပတ်)ကျင်းပသည်။

**ကာယလေ့ကျင့်ခန်းပြုလုပ်**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲ စုရပ်ဖြစ်သည့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှေ့၊ ဗိုလ်ချုပ်လမ်းမကြီးမှစတင်၍ လမ်းငါးသွယ်အဝိုင်းမှ တောင်တွင်းကြီးလမ်းမတစ်လျှောက် မကွေးတက္ကသိုလ်ဝန်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ကိုယ်လက်လှုပ်ရှား ကာယလေ့ကျင့်ခန်း အတွဲ-၁၊ အတွဲ ၂ နှင့် Physical fitness dance တို့ကို တစုတဝေး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မကွေးသူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် အားကစားစိတ်ဝင်စားသည့်ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

**ကံစမ်းမဲဖောက်**

ဆက်လက်၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ခဲ့ကြသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ဗလာမပါ ကံစမ်းမဲများ တပျော်တပါး မဲဖောက်ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာအဖြစ် ကောက်ညှင်းပေါင်းနှင့် သောက်ရေသန့်ဘူးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မွန်ပြည်နယ်တွင် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများပြုလုပ်

**မော်လမြိုင် ဒီဇင်ဘာ ၁၇**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မွန်ပြည်နယ်တွင် ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပသည်။

**အင်အား ၁၂၅၀ ကျော်**

စုပေါင်းလမ်းလျှောက်ပွဲသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၂၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲ စုရပ်ဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ ဗဟိုလမ်းတစ်လျှောက်မှ ကမ်းနားလမ်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကမ်းနားလမ်း၌ ကိုယ်လက်လှုပ်ရှား အားကစား လေ့ကျင့်ခန်းနှင့် Fitness Dance လှုပ်ရှားမှုများကို တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒီဇင်ဘာ လူထုအားကစားလတတိယပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ

ပုသိမ် ဒီဇင်ဘာ ၁၇

တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလကို လူထုလှုပ်ရှားအားကစားလအဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်း စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများပါဝင်ဆင်နွှဲခဲ့ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲမစတင်မီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးပြီး ရွှေရုပ်တု အဝိုင်းရှေ့မှ စတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း ကိုးသိန်းအားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအပါအဝင် အင်အား ၁၉၀၀ ခန့်က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ပုသိမ်မြို့နှင့်အလားတူ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်အသီးသီး၌လည်း ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပါဝင်၍ စုပေါင်းလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဒီဇင်ဘာလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

ဒီဇင်ဘာလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်းအင်အား ၃၇၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင် လှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ရေသန့်ဘူး၊ Royal-D နှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

**ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲ**

“၂၀၂၂ ခုနှစ် ဒီဇင်ဘာလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ”များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိပြီး လူတစ်ဦးချင်းမှ အစပြု၍ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး စိတ်နှလုံးရွှင်လန်းစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကြောင်း၊ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






# ဒီဇင်ဘာလ တတိယပတ် လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းလှုပ်ရှားမှု ပြုလုပ်

မန္တလေး ဒီဇင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာလ တတိယပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက မန္တလေးကျုံးမြို့ရိုးအတွင်းလမ်း၊ ၁၉ လမ်း၊ ဦးထိပ်တံတားတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေက လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောနေမင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်မိုးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ အားကစားသမားများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လုပ်သားပြည်သူများ စုစုပေါင်းအင်အား ၈၅၀ ခန့် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသည်။

**စုပေါင်းဆောင်ရွက်**

အဆိုပါ လမ်းလျှောက်ပွဲတွင် မန္တလေးကျုံးမြို့ရိုးအတွင်းလမ်းအတိုင်းတောင်ဘက်သို့ စုပေါင်းလမ်းလျှောက်ကြပြီး ရတနာပုံဥယျာဉ်သို့ ရောက်ရှိ၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းလှုပ်ရှားမှုများ တပျော်တပါး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

❖ ရှေ့ဖုံးမှ

တံတားခံနိုင်ဝန် (ခွင့်ပြုယာဉ်အလေးချိန်)မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ ပင်မတံတားခန်းဖွင့်အနေဖြင့် ခန်းဖွင့်အကျယ် ၁၆၀ မီတာရှိသည့် သံမဏိသံပေါင် ခုံးတံတား တစ်ခန်းနှင့် ခန်းဖွင့်အကျယ် ၄၅ မီတာစီရှိသည့် Steel Box Girder နှစ်ခန်း၊ ဆိပ်ကြီးခနောင်တိုဘက်ကမ်း၌ ချဉ်းကပ်တံတားခန်းဖွင့် အကျယ် ၃၀ မီတာ ရှစ်ခန်းနှင့် ခန်းဖွင့်အကျယ် ၂၀ မီတာ တစ်ခန်း၊ ဒလဘက်ကမ်း၌ ချဉ်းကပ်တံတားခန်းဖွင့်အကျယ် ၃၀ မီတာ ခုနစ်ခန်းနှင့်အကျယ် ၂၀ မီတာ တစ်ခန်းစီတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ တံတားအောက်ခံအုတ်မြစ်များအား သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်ထားကာ အပေါ်ထည်ပင်မတံတားမှာ သံမဏိသံပေါင်ခုံးတံတား (Neilsen Arch Bridge)နှင့် Steel Box Girder ဖြစ်၍ ချဉ်းကပ်တံတားများအား PC Girder များဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်ပုံငွေကျပ်သန်းပေါင်း ၂၀၀၀**

ယခုအခါ ဒလမြို့နယ်ဘက်ခြမ်းရှိ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် Pier (တိုင်) လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်းပေါင်း ၂၀၀၀ ဖြင့် ဆိပ်ကြီးခနောင်တိုမြို့နယ်ဘက်ခြမ်းရှိ ချဉ်းကပ်ရေလယ်တိုင်များဖြစ်သော တိုင်အမှတ် RP1၊ S2၊ S3၊ S4 နှင့် S5 တို့၏ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများမှာလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျန်ရှိချဉ်းကပ်တံတားတိုင်များဖြစ်သောတိုင်အမှတ် S1၊ S6 နှင့် S7 တို့၏ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇင်ထွေး ထံမှသိရသည်။

**ဂျိုးဖြူရေချိုပိုက်လိုင်း ထည့်သွင်းဆောင်ရွက်သွားမည်**

“မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းမှာ ဂျိုးဖြူရေချိုပိုက်လိုင်းကြီးကို ထည့်သွင်းဆောင်ရွက်ပေးထားတာမို့ ဆိပ်ကြီးခနောင်တိုတံတား စတင်တည်ဆောက်စဉ်အချိန်မှာတုန်းကတည်းက ရေချိုပိုက်လိုင်း ထည့်သွင်းဆောင်ရွက်ဖို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ ဆိပ်ကြီးခနောင်တိုမြို့နယ်က ပြည်သူတွေအတွက်လည်း ရေချိုအခက်အခဲရှိတာဖြစ်တဲ့အတွက်ကြောင့် ဆိပ်ကြီးခနောင်တို တံတားပေါ်ကနေဖြတ်သန်းပြီး ရေချိုပိုက်လိုင်းသွယ်တန်းဖို့ကို ဒီဇိုင်းတွက်ချက်ထားပြီးဖြစ်သလို YCDC ရေပေးဝေရေးဌာနကလည်း ထည့်သွင်းဆောင်ရွက်ဖို့ ညှိနှိုင်းလာတဲ့အတွက် ဆိပ်ကြီးခနောင်တိုတံတား တည်ဆောက်ရာမှာ ဂျိုးဖြူရေချိုပိုက်လိုင်းကြီးကို ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဦးကျော်ဇင်ထွေးက ရှင်းပြသည်။

အဆိုပါ ဆိပ်ကြီးခနောင်တို တံတားတည်ဆောက်ပြီးစီးပါက မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဒလတံတားနှင့် ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်သည်။

**မိနစ် ၂၀ အတွင်း ရောက်ရှိနိုင်မည်**

ယခုအခါ လမ်းဦးစီးဌာနကလည်း တွံတေး- ဒလလမ်းကို အကျယ် ၂၄ ပေရှိသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဆိပ်ကြီးခနောင်တိုတံတား၊ မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတားနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဆိုပါက ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ရန်ကုန်မြို့သို့ မိနစ် ၂၀ အတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။

အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် တံတားသစ်တည်ဆောက်ပြီးစီးရန် ခန့်မှန်းလျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

သတင်း-ပွင့်သစ္စာ

ဓာတ်ပုံ-စိုးမြင့်အောင်



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

ဒီဇင်ဘာ ၁၇ ရက် နံနက် ၅ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးစုရပ်တွင် စုစည်း၍ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲအား ကျင်းပခဲ့ရာ အောင်ဆန်းအားကစားကွင်းအား နှစ်ပတ်လမ်းလျှောက်ပြီး အောင်ဆန်းအားကစားကွင်းအတွင်း ကိုယ်လက်လှုပ်ရှား သွေးပူလေ့ကျင့်ခန်းပြုလုပ်ခဲ့ကြောင်း၊ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ပြီးစီးခဲ့ပြီး လူထုလမ်းလျှောက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်နေပြည်သူများ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



# ဗိုလ်တထောင်မြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့ နံနက် ၅ နာရီတွင် ဒီဇင်ဘာ အားကစားလ တတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို သိမ်ဖြူလမ်း ဝန်ကြီးများရုံးဟောင်းရှေ့ စုရပ်၌ ကျင်းပခဲ့ရာ ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းများ၊ ရပ်ကွက်နေ အားကစားလိုက်စားသူပြည်သူများ၊ စုစုပေါင်းအင်အား ၂၀၀ ကျော်က စုရပ်မှစတင်၍ သိမ်ဖြူလမ်း၊ ကမ်းနားလမ်း၊ ဗိုလ်အောင်ကျော်လမ်းတစ်လျှောက် ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး သိမ်ဖြူလမ်း၊ ဝန်ကြီးများရုံးဟောင်းရှေ့စုရပ်၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ



ကျောင်းကုန်း ဒီဇင်ဘာ ၁၇

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက်(၁၉)နှစ်အောက် ရပ်ကွက်/တိုက်နယ် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မြို့မအားကစားကွင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားသည်။

ကွင်းဖွင့်ပွဲတွင် အမှတ်(၄) ရပ်ကွက်၊ ဘောလုံးအသင်းနှင့် ကွင်းကြီးကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်(၄)ရပ်ကွက် ဘောလုံးအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းအား အုပ်စု လေးခုခွဲကာ ပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကာ ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲဦးစီးကျင်းပရေးကော်မတီထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

လပွတ္တာ ဒီဇင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅နာရီခွဲက လပွတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ စုရပ်မှစတင်ကာ စုပေါင်း လမ်းလျှောက်ကြသည်။

## ပျော်ရွှင်စွာဆောင်ရွက်

အဆိုပါစုပေါင်းလမ်းလျှောက်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးရှေ့စိန်ရတုလမ်းမှ ဘုရားလမ်းနှင့် သြဘာလမ်းအတိုင်း ရတနာဒီပအားကစားကွင်းအထိ တပျော်တပါးစုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်းအတွင်း၌ မြို့နယ်အားကစားနည်းစနစ်မှူး ဒေါ်စန်းစန်းနွဲ့ ဦးဆောင်၍ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို တေးသီချင်းများနှင့်အတူ ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြသည်။




စုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများစုစုပေါင်း ၅၅၈ ဦးတို့ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပန်ဆိုင်း(ကြူကုတ်)မြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်း ပြုလုပ်

ပန်ဆိုင်း ဒီဇင်ဘာ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆိုင်း(ကြူကုတ် )မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသော "ကံဆိုသည်မှာ စေတနာ မုဒိတာ အမှာစာများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ဇင်မာဖြိုးက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးနှင့် စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ချစ်နိုင်( စိတ်ပညာ)ရေးသားသည့် "ကံဆိုသည်မှာ စေတနာ" အကြောင်းအရာကို စာအုပ်စာစောင်ချစ်မြတ်နိုးသူ ဦးနေမျိုးထွန်းက ဖတ်ကြားဆွေးနွေးသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များကလည်း စာအုပ်ပါ အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ချယ်ရီမြေ(ပန်ဆိုင်း)

# လှည်းကူးမြို့နယ်၌ ဒီဇင်ဘာ အားကစားလတတိယပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

လှည်းကူး ဒီဇင်ဘာ ၁၇

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်များ၊ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဒီဇင်ဘာ အားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅နာရီက ကျင်းပသည်။

## စုပေါင်းဆောင်ရွက်

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုရပ်အဖြစ် သတ်မှတ်ထားသော လှည်းကူးမြို့မဈေးရှေ့မှ စတင်ကာ မြို့နယ်အားကစားကွင်းသို့ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ဉာဏ်ဟိန်း

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁ ရက်မှ ယနေ့အထိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု ယာဉ်စီးရေ ငါးစီးဖြင့် နှာခေါင်းစည်း ၄၆ ဒသမ ၄၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

## ဦးစားပေးတင်သွင်းခွင့်ပြု

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

**ကျန်းမာဖို့အရေး လမ်းလျှောက်ပေး**

# ထိုင်းဘုရင် မဟာဗာဂျီယာလောင်ကွန်နှင့် မိဖုရား ဆုသီတာတို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရ



**ဗန်ကောက် ဒီဇင်ဘာ ၁၇**

ထိုင်းဘုရင် မဟာဗာဂျီယာလောင်ကွန်နှင့် မိဖုရား ဆုသီတာတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း တော်ဝင်အိမ်တော်ရုံးက ယနေ့ အတည်ပြုပြောကြားသည်။

ထိုင်းဘုရင်နှင့်မိဖုရားတို့နှစ်ဦးသည် ဒီဇင်ဘာ ၁၆ ရက်တွင် ရောဂါရှိ၊ မရှိ စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ဘုရင်နှင့် မိဖုရားတို့သည် ရောဂါပြင်းထန်စွာခံစားရခြင်းမရှိဘဲ ပျော့ပျောင်းသောရောဂါလက္ခဏာများသာ ခံစားနေရကြောင်း သိရသည်။ တော်ဝင်နန်းတော် ဗျူရို၏ ထုတ်ပြန်ချက်အရ ပုံမှန်ထမ်းဆောင်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ယာယီရပ်ဆိုင်းကာ အနားယူရန် ဆရာဝန်များက ဘုရင်နှင့် မိဖုရားတို့အား တိုက်တွန်းပြောကြားထားသည်။

ထိုင်းနိုင်ငံတွင် ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ဆေးရုံများ၌ ဆေးကုသမှုခံယူနေသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၆၁ ဦးရှိကြောင်းနှင့် လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄ ဒသမ ၇ သန်းကျော်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

ယင်းကာလအတွင်း နောက်ထပ်သေဆုံးသူ ၁၀၇ ဦးရှိကြောင်း ထုတ်ပြန်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၃၃၉၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ The Huadian Preah Sihanouk ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်

**ဖနောင်ပင် ဒီဇင်ဘာ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအကူအညီဖြင့် တည်ဆောက်ခဲ့သည့် The Huadian Preah Sihanouk ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဒီဇင်ဘာ ၁၆ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်လိုက်သည့် The Huadian Preah Sihanouk ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တရုတ်နိုင်ငံက သတ်မှတ်ထားသည့် ကမ္ဘာ့အဆင့်မီ အရည်အသွေးစံသတ်မှတ်ချက်များနှင့် အညီတည်ဆောက်ခဲ့ခြင်းဖြစ်ကာ နည်းပညာပိုင်းဆိုင်ရာတွင် အရည်အသွေးမြင့်မား၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများ ပြည့်မီကြောင်း သိရသည်။

ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးစနစ်ကို အကျိုးကျေးဇူးများစွာ ရရှိစေခဲ့ကြောင်း ၎င်းလျှပ်စစ်ဓာတ်အားပေးစက်ရုံအား တည်ဆောက်ခဲ့သည့် Huadian Overseas Investment Co., Ltd. က ပြောကြားသည်။

ယင်း ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း Preah Sihanouk ပြည်နယ်၌ တည်ရှိပြီး ၎င်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် အချိန် နှစ်နှစ်ကျော် ကြာမြင့်ခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုဆိုင်ရာ စွမ်းအင်လိုအပ်ချက်သည် ၂၀၂၁ ခုနှစ်တွင် ၄၀၁၄ မဂ္ဂါဝပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

■

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၅၀၃၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၁၉၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၅၅၃၉၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၂၆၂ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၇၁ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၈၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# Logos Hope စာအုပ်သင်္ဘော လက်ဘနွန်နိုင်ငံသို့ ရောက်ရှိရပ်နား

**ဘေရွတ် ဒီဇင်ဘာ ၁၇**

စာအုပ်အမျိုးအစားပေါင်း ၅၀၀၀ ခန့် သယ်ဆောင်လာသည့် ဂျာမနီနိုင်ငံအခြေစိုက် ပရဟိတအဖွဲ့ အစည်းပိုင် Logos Hope သင်္ဘောသည် လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းသို့ ဒီဇင်ဘာ ၁၆ ရက်က ဆိုက်ကပ်ရပ်နားခဲ့ကြောင်း သိရသည်။

၁၃၂ မီတာ ရှည်လျားသည့် ၎င်းသင်္ဘောသည် ကမ္ဘာတစ်ဝန်းသို့ ရေကြောင်းခရီးစဉ်များစွာ သွားရောက်ခဲ့ပြီး စာပေနှစ်သက်သူများအတွက် စာပေဗဟုသုတများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ၎င်း သင်္ဘောသည် လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဆိုက်ကပ်ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၅၁ ဦးထပ်မံတွေ့ရှိ

**မော်စကို ဒီဇင်ဘာ ၁၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၅၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၇၀၁၃၂၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၂၈၉၁ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၃၉၃ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၁၀၉၆၀၆၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၃၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော် မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၇၈၉၀၅ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် ကုန်းသာရွာအနီး တပ်မတော်စစ်ကြောင်းများက အချိန်မီတိုက်ခိုက်၊ လက်နက် / ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နယ်မြေ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံတောင်ပေါ် တိုင်းရင်းသားအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သယ်ဆောင်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ရောက်ရှိနေကြောင်း သိရှိရ၍ ဒီဇင်ဘာ ၇ ရက်တွင် ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် ကုန်းသာရွာအနီးသို့ တပ်မတော်စစ်ကြောင်းများက လေကြောင်းချီစစ်ဆင်ကာ အချိန်မီတိုက်ခိုက်၍ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရရှိ**

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် မင်းကင်းမြို့နယ်အကြား တောတွင်းပုန်းအောင်း၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ကာ အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများကို ပြန်ပေးဆွဲ၊ ဖမ်းဆီးသတ်ဖြတ်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် NUG၊ CRPH တို့နှင့် ဆက်သွယ်၍ ပလောင်ဒေသမှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သယ်ဆောင်လာကြောင်းနှင့် ၎င်းအဖွဲ့များသည် နမ့်ဆန်မြို့နယ် ကုန်းသာရွာတစ်ဝိုက် ရောက်ရှိခိုအောင်းနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံတောင်ပေါ်ကျေးရွာ တိုင်းရင်းသားအချို့၏ သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၇ ရက်တွင် တပ်မတော် စစ်ကြောင်းများက လေကြောင်းချီ စစ်ဆင်လျက် ဝိုင်းပတ်ပိတ်ဆို့၍ အဆိုပါပစ္စည်းများ သိမ်းဆည်းရမိရေး ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်အထိ ထိတွေ့တိုက်ပွဲ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့ထံမှ အလောင်းများနှင့် လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး ပစ္စည်းအချို့အား သိမ်းဆည်းရမိခဲ့သည့်နေရာတွင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်အဖွဲ့များကို ဝင်ရောက်တိုက်ခိုက်ရာတွင် အစောပိုင်း၌ TNLA တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းက ပလောင်ဒေသအတွင်း ဖြစ်ပွားမှုအပေါ် နားလည်မှုလွဲမှားပြီး ပစ်ခတ်မှုအချို့ ဖြစ်ပွားခဲ့သော်လည်း ယခုဖြစ်စဉ်နှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူအပေါ် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် NUG၊ CRPH၊ PDF တို့နှင့်သာ သက်ဆိုင်ကြောင်း ရှင်းလင်းအသိပေးခဲ့သဖြင့် နောက်ပိုင်းတွင် TNLA အနေဖြင့် အသိပေးရှင်းလင်းမှုအပေါ် သဘောပေါက်နားလည်လက်ခံခဲ့ကြောင်း သိရှိရသည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကာ ၎င်းတို့၏ လှုပ်ရှားမှုသတင်းများအား အချိန်မီ ပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည့် လက်နက်၊ ခဲယမ်းများကို ယခုကဲ့သို့ အချိန်မီ ဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**



နမ့်ဆန်မြို့နယ် ကုန်းသာရွာအနီး တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့ထံမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့ထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။






PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့ထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့ထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

# KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ နောင်ပင်ကျေးရွာ၊ မိုးဒါးကြီးကျေးရွာနှင့် ဟဲနားကျေးရွာ (ရွာဟောင်း)အတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီး



ကသာမြို့နယ်အတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာများပြပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ယနေ့နံနက်တွင် နောင်ပင်ကျေးရွာ၊ မိုးဒါးကြီးကျေးရွာနှင့် ဟဲနားကျေးရွာ(ရွာဟောင်း)များအနီးသို့ အရောက်၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်း လူနေအိမ်များကို အကာအကွယ်ရယူပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် ကျေးရွာများအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာသွားစဉ် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် နောင်ပင်ကျေးရွာတွင် လူနေအိမ် ၁၁ လုံးခန့်၊ မိုးဒါးကြီးကျေးရွာတွင် လူနေအိမ် ၄၃ လုံးခန့်၊ ဟဲနားကျေးရွာ(ရွာဟောင်း)တွင် လူနေအိမ် ၁၀ လုံးခန့် စုစုပေါင်း လူနေအိမ် ၆၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၂၆ ရွာမှ အိမ်ခြေ ၇၁၇ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များတွင် မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဗန်းမော်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲနှင့် အလှူငွေများ ဆက်ကပ် လှူဒါန်း



နေပြည်တော် ဒီဇင်ဘာ ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဗန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းတွင် ဗန်းမော်ခရိုင် နမ့်ဖားရပ်ကွက် နမ့်ဖားပရဟိတ စာသင်တိုက်ရှိ သံဃာတော်များနှင့် သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဗန်းမော်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၂၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၅၈,၀၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၅၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၂)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၄၀ | ၁၉၃၀ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၄၅ | ၁၉၂၅ | ၂၀၁၅ | ၂၀၃၀ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၁၉၅ | ၂၇၆၀ |
| 95 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၇၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၉၆ | ၁၈၆၆ |
| 95 Ron | ၁၈၇၆ | ၁၉၄၇ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၃ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့သစ်ကြီးရပ်ကွက်နေ စည်သူရဦးသည် ၎င်းအသုံးပြုသည့် “Sithuya Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉) ရပ်ကွက်နေ အောင်မြင့်ဇော်သည် ၎င်းအသုံးပြုသည့် “Aung Myint Zaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၁၇

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆို ကပြလျက်ရှိသည်။




ထိုသို့ သွားရောက်ဂုဏ်ပြု သီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ကသာမြို့၊ ဝန်းသိုမြို့နှင့် အင်းတော်မြို့တို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

**သတင်းစဉ်**

## မန္တလေးပဲဈေးကွက်သို့ ပဲလွမ်းဖြူအသစ်များ အဖွင့်ဈေးကောင်းဖြင့် စတင်ဝင်ရောက်လာ

မန္တလေး ဒီဇင်ဘာ ၁၇

၂၀၂၃ ခုနှစ် ပဲရာသီအကြို အစောဆုံးထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား ပဲလွမ်းဖြူအသစ်များ မန္တလေးပဲဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် စတင်ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



**အဖွင့်ဈေးကောင်းမွန်**

အဆိုပါ ပဲလွမ်းဖြူအသစ်များမှာ ယခုနှစ်ပဲရာသီ၌ စော၍ထွက်ရှိလာပြီး ဈေးကွက်သို့ မတ္တရာ၊ စဉ့်ကူး၊ မုံရွာ၊ ကျောက်ဆည်နယ်တို့မှ ဝင်ရောက်လာကြောင်း၊ ဈေးနှုန်းမှာလည်း ပြီးခဲ့သည့်နှစ် ယခုလိုစတင်ထွက်ရှိသည့် ရာသီတွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ ပေါက်ဈေးဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ် စတင်ထွက်ရှိလာချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းထိဈေးမြင့်တက်ကာ အဖွင့်ဈေးကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ဒီပဲလွမ်းဖြူအသစ်က နှစ်စဉ် နတ်တော်လဆန်းမှာ ပုံမှန်ထွက်ရှိလို့ နတ်တော်ပဲလို့ ခေါ်ကြပါတယ်။ ပြည်တွင်းစားသုံးမှု မရှိသလောက်နည်းပါးပြီး အိန္ဒိယ၊ တရုတ်၊ ဂျပန်နဲ့ ဥရောပနိုင်ငံတွေကို အဓိက တင်ပို့ရောင်းချရတာပါ။ လက်ရှိအချိန်မှာ ရန်ကုန်ဝယ်လက်တွေက အိန္ဒိယနိုင်ငံကို ပို့ဖို့အတွက် ဝယ်ယူနေကြပါတယ်။ မကြာခင်ကာလမှာလည်း ဟသ်ာတဘက်က ပေါ်လာတော့မှာပါ။ ဒီပဲက တစ်နှစ်ကို ဆောင်းသီးနှံအဖြစ် တစ်ရာသီပဲ စိုက်ပါတယ်။ ဒီနှစ်မှာ ရာသီဥတုက အသင့်အတင့်ကောင်းမွန်တာကြောင့် အလုံးအဖန်ကောင်းပြီး အရည်အသွေးကောင်းမွန်တဲ့ ပဲလွမ်းဖြူတွေ ဝင်ရောက်လာပါတယ်”ဟု ၎င်းကပြောသည်။

အဆိုပါ ပဲလွမ်းဖြူကို ဧရာဝတီ၊ ချင်းတွင်းမြစ်ကမ်းအနီးရှိ မြစ်ရေဝင်ဒေသများတွင် မြစ်ရေကျချိန် မြေနုကျွန်းများပေါ်၌ တော်သလင်းလနှင့် သီတင်းကျွတ်လတို့တွင် စတင်စိုက်ပျိုးကြပြီး ကျောက်ဆည်၊ မတ္တရာ၊ စဉ့်ကူး၊ မုံရွာ၊ ပခုက္ကူ၊ စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်တို့မှ အများဆုံးထွက်ရှိကာ မြန်မာနိုင်ငံအောက်ပိုင်းရှိ ဟသ်ာတ၊ ဇလွန်၊ ခရမ်းသုံးခွမြို့နယ်တို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စဉ့်ကူး ဒီဇင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ထပ်တိုးဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ညောင်ကုန်းကျေးရွာ တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ညောင်ကုန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစီမံကိန်း ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၇၀ ရှိ လူဦးရေ ၃၁၇ ဦးတို့အား ရာသီမရွေး သွားလာရေးအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံစာရင်းကောင်စီ၏ နှစ် ၅၀ ရွှေရတုခရီး

ခင်နိုင်နိုင်မင်းဦး (OAG)

**ရွှေရတုခရီးအစ**

မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council) ကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ၁၉၇၂ ခုနှစ် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ စတင်ဖွဲ့စည်းခဲ့ရာ ယခု ၂၀၂၂ ခုနှစ်သည် နှစ် ၅၀ တိုင်ခဲ့၍ ရွှေရတုအခါသမယဖြစ်ပါသည်။

နိုင်ငံ၏ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်အညီ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ လက်ရှိတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ - ၁၂ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၃၆၃/၂၀၂၁ ဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီကို ပြန်လည်ဖွဲ့စည်းပြီးဖြစ်သည်။

**ဖွဲ့စည်းထားရှိမှု**

မြန်မာနိုင်ငံ စာရင်းကောင်စီကို ငွေကြေး၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် စာရင်းပညာ နယ်ပယ်ကဏ္ဍစုံမှ ဌာနအကြီးအကဲများ၊ စာရင်းပညာရှင်များ စုံလင်စွာ ပါဝင်ဖွဲ့စည်းထားသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရသည်။ ဒုတိယဥက္ကဋ္ဌနှစ်ဦးမှာ ဒုတိယစာရင်းစစ်ချုပ်နှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌတို့ဖြစ်သည်။ တွဲဖက်အတွင်းရေးမှူးမှာ အသင်းအတွင်းရေးမှူးဖြစ်ပြီး အတွင်းရေးမှူးမှာ ညွှန်ကြားရေးမှူးချုပ် စီမံရေးရာ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ဖြစ်သည်။

**စာရင်းပညာရှင်များ အဆက်မပြတ်မွေးထုတ်**

မြန်မာနိုင်ငံ စာရင်းကောင်စီသည် ဖွဲ့စည်းသည်မှစ၍ စာရင်းပညာရပ် ပိုမိုတိုးတက်ထွန်းကားလာစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းအဖွဲ့အစည်း တစ်ခုအနေဖြင့် အောင်မြင်လျက်ရှိသည် သို့မဟုတ် ဆုတ်ယုတ်လျက်ရှိသည်ဟူသော သုံးသပ်ချက်ကို ဘဏ္ဍာရေးရှင်းတမ်းများဖြင့် တွက်ချက် ခန့်မှန်းရသည်ဖြစ်ရာ ထိရောက်သော စာရင်းကိုင်စနစ်ထားရှိရေးအတွက် လုပ်ငန်းအဖွဲ့အစည်းတိုင်းတွင် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ လိုအပ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ စာရင်းကောင်စီအနေဖြင့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) သင်တန်းများကို ၉-၁၀-၁၉၇၂ ရက်နေ့မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားများအား စာတွေ့အပြင် စာရင်းကိုင်အလုပ်သင်အဖြစ် လက်တွေ့ဆောင်ရွက်စေပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယခုအချိန်အထိ သင်တန်းအမှတ်စဉ် (၁) မှ (၄၆) အထိ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် ၂၆၆၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဒီပလိုမာ စာရင်းကိုင်သင်တန်း (Diploma In Accountancy – DA)ကို ၅-၃-၁၉၇၃ ရက်နေ့မှစတင်၍ သင်တန်းကာလနှစ်နှစ်ဖြင့် ဖွင့်လှစ်ခဲ့ရာ ယခုအခါ သင်တန်းအမှတ်စဉ်-၄၁ အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဒီပလိုမာစာရင်းကိုင်အောင်မြင်ပြီးသူ ၄၇၁၄ ဦး အထိ ရှိလာပြီဖြစ်သည်။

ထိုသို့ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)/(ပြည့်မီ)များ၊ ဒီပလိုမာစာရင်းကိုင်များ မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စာရင်းပညာရှင် လုပ်သားကောင်းများ တိုးပွား များပြားလာစေရန်အတွက် ကောင်စီ၏ ဆောင်ရွက်ပေးနိုင်ခဲ့မှုပင်ဖြစ်သည်။




CPA အောင်လက်မှတ်ပုံစံ




DA အောင်လက်မှတ်ပုံစံ

**အရည်အချင်းပြည့်မီရေး**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းအား ယခင်က လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်ပြီး စာရင်းကိုင်အလုပ်သင် လုပ်သက်နှစ်နှစ်ပြည့်မြောက်သူများအား မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ စာရင်းကိုင်အလုပ်သင် လုပ်သက်ကာလကို နှစ်နှစ်မှ သုံးနှစ်သို့ ပြင်ဆင်သတ်မှတ်ခွင့်ပြုခဲ့ပြီး အာဆီယံဒေသတွင်း တန်းတူယှဉ်ပြိုင်မှု အခွင့်အလမ်းရရှိစေရေး ဆောင်ရွက်ပေးခဲ့သည်။ ၃၀-၁၁-၂၀၂၂ ရက်နေ့အထိ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်သူ ၁၂၂၀ ရှိပြီဖြစ်သည်။

စာရင်းပညာ သင်ကြားမှုနယ်ပယ် ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီကသတ်မှတ်သည့် အခြားသင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားမှုကို ခွင့်ပြုပေးခြင်းသည်လည်း မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်တစ်ရပ်ပင်ဖြစ်သည်။ အဆိုပါ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်တန်းဆရာအနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင် သင်တန်းဆရာအနေဖြင့်ဖြစ်စေ လုပ်ကိုင်ရန် သင်တန်းဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပါသည်။ ယခုအထိ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ၁၈ ကျောင်းနှင့် သင်တန်းဆရာ ၁၅၀၊ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ၁၄၆၁ ဦးအား မှတ်ပုံတင်ခွင့်ပြုပေးပြီး ဖြစ်သည်။ ကိုယ်ပိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပေးခြင်း၊ သင်တန်းဆရာအဖြစ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခဲ့ခြင်းဖြင့် စာရင်းပညာလေ့လာဆည်းပူးလိုသူများနှင့် စာရင်းကောင်စီမှ မွေးထုတ်ပေးလိုက်သည့် စာရင်းပညာရှင် သင်တန်းဆရာတို့အတွက် အခွင့်အလမ်းသစ်များ ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**စဉ်ဆက်မပြတ်လေ့ကျင့်ပေး**

ထို့အပြင် မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် CPA၊ DA သင်တန်းများနှင့် ကောင်စီကအခါအားလျော်စွာ ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန်၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ ပိုမိုတိုးပွားလာစေရန် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်) တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းသစ်ကြီးကို ၈-၁၂-၂၀၂၂ ရက်နေ့၌ ဖွင့်လှစ်ပေးခဲ့ခြင်းသည် အစိုးရဌာန၊ အဖွဲ့အစည်းမှဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များအတွက် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာနှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို တက်ရောက်နိုင်ရန် ဖန်တီးပေးနိုင်မှု သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။

**နိုင်ငံအကျိုးရှေးရှုဆောင်ရွက်ရေး**

ယခုအခါ နိုင်ငံတော်အဖွဲ့အစည်းအသီးသီးတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူအများစုသည် မိမိတို့တတ်ကျွမ်းသည့် စာရင်းပညာကို အသုံးချပြီး နိုင်ငံတော်အတွက် ကျရာကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီက ကောက်ယူပြုစုခဲ့သည့် ၂၀၂၁ ခုနှစ်အတွက် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအချက်အလက်များအရ နိုင်ငံပိုင်ကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်တွင် စာရင်းပညာရှင် (ပထမအဆင့်) ၄၆ ဦး၊ စာရင်းပညာရှင် (ဒုတိယအဆင့်) ၁၁၅ ဦး၊ စာရင်းကျွမ်းကျင်သူ ၆၈၇၇ ဦးတို့သည် ပြည်သူနှင့်အတူ လက်တွဲ၍ နိုင်ငံ့အကျိုးမျှော်ကိုးကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍတွင် ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်ရှိ စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူဦးရေကိုလည်း သိရှိနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ✳

> ❛ မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် CPA၊ DA သင်တန်းများနှင့် ကောင်စီကအခါအားလျော်စွာ ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန်၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်မီသောစာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ ပိုမိုတိုးပွားလာစေရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်)တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းသစ်ကြီးကို ၈-၁၂-၂၀၂၂ ရက်နေ့၌ ဖွင့်လှစ်ပေးခဲ့ခြင်းသည် အစိုးရဌာန၊ အဖွဲ့အစည်းမှဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များအတွက် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာနှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို တက်ရောက်နိုင်ရန် ဖန်တီးပေးနိုင်မှုသမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ် ❜

✳ စာမျက်နှာ ၁၈ မှ

**ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေး**

မြန်မာနိုင်ငံ စာရင်းကောင်စီသည် စာရင်းလုပ်ငန်းနယ်ပယ် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် အများနှင့် ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများအား စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုပေးခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအထိ စာရင်းစစ်လုပ်ငန်း (တစ်ဦးတည်းပိုင်) ၂၉၁ ခု၊ စာရင်းစစ်လုပ်ငန်း(အစုစပ်) ၁၇ ခု၊ စာရင်းစစ်လုပ်ငန်း (ကုမ္ပဏီ) ၃၅ ခုတို့ကို မှတ်ပုံတင်ခွင့်ပြုပေးပြီး ဖြစ်သည်။

မြန်မာနိုင်ငံ စာရင်းကောင်စီသည် နိုင်ငံသားများအပြင် နိုင်ငံခြားသား စာရင်းပညာရှင်များနှင့် နိုင်ငံခြား လုပ်ငန်း အဖွဲ့အစည်းများကိုလည်း အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းမှအပဖြစ်သော စာရင်းလုပ်ငန်း (Non–Audit Services)များကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ခွင့်ပြုပေးပါသည်။ ယခုအထိ စာရင်းလုပ်ငန်း (တစ်ဦးတည်းပိုင်–နိုင်ငံသား) ၆၆ ခု၊ (အစုစပ်–နိုင်ငံသား) သုံးခု၊ (ကုမ္ပဏီ–နိုင်ငံသား) ၇၄ ခုနှင့် (ကုမ္ပဏီ–နိုင်ငံခြားသား) ၂၆ ခု တို့ကို မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ပါသည်။ နိုင်ငံခြားသားနှင့် နိုင်ငံခြားလုပ်ငန်းအဖွဲ့အစည်းများသည် Non–Audit Services လုပ်ငန်းများကို လုပ်ကိုင်ရာတွင် ဝန်ထမ်းခန့်ထားမှုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေခြင်းသည် နိုင်ငံတွင်း စာရင်းကိုင်၊ စာရင်းစစ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုအတွက် အကာအကွယ် တစ်ရပ်ဖြစ်သဖြင့် ကောင်စီ၏ စေတနာထား ဆောင်ရွက်ပေးမှု မှတ်တိုင်တစ်ခုပင်ဖြစ်သည်။

**အမျိုးသားအဆင့်**
**စာရင်းပညာရှင်များအဖွဲ့**

စာရင်းပညာနယ်ပယ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီသည် Regulatory Body အဖြစ် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားအဆင့် စာရင်းပညာရှင်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (Myan–mar Institute of Certified Public Accountants – MICPA) ကို အမျိုးသားအဆင့် စာရင်းပညာရှင်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည် ပုဂ္ဂလိကကဏ္ဍနယ်ပယ်တွင် လက်တွေ့ဆောင်ရွက်လျက်ရှိသည့် အရေးပါသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ စာရင်းကောင်စီသည် အဆိုပါအသင်းအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**အာဆီယံဒေသတွင်း**
**ပူးပေါင်းပါဝင်ဆောင်ရွက်**

မြန်မာ့စီးပွားရေး နယ်ပယ်တွင် စာရင်းပညာဆိုင်ရာ လုပ်ငန်းများ၌ နိုင်ငံတကာစံများနှင့်အညီ ရပ်တည်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်ပြီး အာဆီယံဒေသတွင်းနိုင်ငံများအကြား အသိအမှတ်ပြုသဘောတူညီမှု (Mutual Recognition Arrangement – MRA on Accoun–tancy Services) တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အာဆီယံဒေသအတွင်းရှိ အာဆီယံလက်မှတ်ရစာရင်းပညာရှင် (ASEAN Certified Public Accountants – ACPA) ၅၇၃၇ ဦးရှိရာ ၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံမှ အာဆီယံလက်မှတ်ရစာရင်းပညာရှင် ၄၇၇ ဦး ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ MRA အရ ASEAN CPA များသည် Audit and Assurance Ser–vices များမှအပ Non–Audit Services များကို ဒေသတွင်းနိုင်ငံများတွင် လုပ်ကိုင်ခွင့်ရရှိလာပြီဖြစ်သည်။

**နိုင်ငံတကာစံများနှင့်အညီ**

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) ပေါ်ပေါက်လာခဲ့ပြီး မြန်မာ့စီးပွားရေးနယ်ပယ်တွင် စာရင်းပညာဆိုင်ရာလုပ်ငန်းများ၊ အခွန်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကိစ္စရပ်များ၌ နိုင်ငံတကာစံများနှင့်အညီ ရပ်တည်ဆောင်ရွက်စေလျက်ရှိသည်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်အပြောင်းအလဲလျင်မြန်သည့် ယနေ့ခေတ်စီးပွားရေးဝန်းကျင် (Business Environment) တွင် လုပ်ငန်းခွင်နယ်ပယ်၌ နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ အောင်မြင်စွာရပ်တည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်၊ ကိုယ်ကျင့်တရားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာစံများ (Profes–sional, Ethical and Governance Standards) လိုက်နာမှုအဆင့်အတန်းပိုမိုမြင့်မားလာစေရေးအတွက် စာရင်းပညာရှင်များ လိုက်နာကျင့်သုံးရမည့် နိုင်ငံတကာစာရင်းစစ်စံများ၊ နိုင်ငံတကာကျင့်ဝတ်များကို ပြဋ္ဌာန်းပေးခဲ့ခြင်းသည်လည်း ကောင်စီ၏ စာရင်းပညာနှင့် စာရင်းနယ်ပယ် ခိုင်မာအားကောင်းမှုအတွက် အခြေခံသတ်မှတ်ချက်များချမှတ် ထိန်းကျောင်းပေးနိုင်မှုများပင်ဖြစ်သည်။

**နှစ် ၅၀ ပြည့်ရွှေရတု**
**ထူးခြားမှတ်တိုင်တစ်ခု**

စာရင်းပညာပြန့်ပွားရေးနှင့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးနှင့် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လာခဲ့ခြင်း နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်)တွင် MICPA နှင့်ပူးပေါင်း၍ အကြိုစာတမ်းဖတ်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ မှတ်တမ်းဓာတ်ပုံပြခန်း၊ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း ထုတ်လွှင့်ပြသခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခြင်းနှင့် CPA၊ DA သင်တန်းများတွင် ထူးချွန်သူများအား ဆုချီးမြှင့်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းတို့မှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက In person ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများ၊ အစိုးရဌာနအဖွဲ့အစည်းများမှ စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဝင်များနှင့် စာရင်းပညာစိတ်ဝင်စားသူများက Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပြီး ခမ်းနားစွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမှာလည်း ဂုဏ်ယူကျေနပ်ဖွယ် မှတ်တိုင်တစ်ခုဖြစ်သည်။

**စာရင်းပညာပြည့်ဝစွာဖြင့်**
**ပျံ့သင်းဂုဏ်ရည်စာရင်းကောင်စီ**

ယခုအချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ လိုအပ်ချက်တစ်ရပ်ဖြစ်သည့် အရည်အသွေးပြည့်ဝသော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများကို နှစ်စဉ်ဆက်လက်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းနှင့် စာရင်းပညာရှင်များ ပူးပေါင်းကာ အာဆီယံဒေသတွင်း နိုင်ငံတကာစံများနှင့်အညီ လိုက်နာကျင့်သုံးပြီး စာရင်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "စာရင်းပညာပြည့်ဝစွာဖြင့် ပျံ့သင်းဂုဏ်ရည် စာရင်းကောင်စီ" ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းရင်း မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ် ၅၀ ပြည့်ရွှေရတုကို ဂုဏ်ပြုလိုက်ပါသည်။ ။



အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(နေပြည်တော်)ကို တွေ့ရစဉ်။

# ရပ်စောက်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

ရပ်စောက် ဒီဇင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကွေးကျေးရွာနှင့် သပြေပင်လှကျေးရွာများရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ထုတ်ချေးပေးသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က တောင်ကွေးကျေးရွာနှင့် သပြေပင်လှကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသူအသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ကွေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသူ အသင်းသားစုစုပေါင်း ၁၃၇ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၃ သိန်းကိုလည်းကောင်း၊ သပြေပင်လှကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်




လုပ်ငန်း လုပ်ကိုင်မည့်သူ အသင်းသူ အသင်းသားစုစုပေါင်း ၈၀ အား ငွေကျပ်သိန်း ၃၃၀ ကိုလည်းကောင်း အသင်းသူ အသင်းသားတစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

ဝတ္ထုတို

## ချစ်မင်း(မြစ်သား)




(၁)

"နင့်ပါးစပ်ပိတ်ထားလိုက်စမ်း"

စူးစူးရှရှအော်လိုက်သော အသံသည် တစ်ခန်းလုံးသို့ ပျံ့နှံ့သွားလေသည်။ ဒေါသအနည်းငယ်ထွက်ကာ အော်လိုက်သော အသံဖြစ်လိမ့်မည်။ တစ်ခန်းလုံးရှိ ယောကျ်ားလေး၊ မိန်းကလေးအားလုံး၏ မျက်လုံးများသည် ထိုအသံထွက်လာခဲ့သည့်နေရာကို စုပြုံ၍ကြည့်နေကြသည်။

"ဘာပါလိမ့်၊ ဘာဖြစ်တာပါလိမ့်" ဟူသော ဝေခွဲမရသေးသည့်အသံများလည်း ထွက်ပေါ်လာလျက်။ မကြာလိုက်ပါ။ သူတို့အားလုံး၏အသံများလည်း ငြိမ်သက်စပြုလာခဲ့သည်။

ကလေးများ၏သဘာဝအရ ထူးဆန်းသည့်အဖြစ်အပျက်တစ်ခု ကြုံတွေ့ပြီဆိုလျှင် စူးစမ်းတတ်သည့် အကျင့်စရိုက်များ ရှိတတ်ကြသည်။ အခန်းထဲရှိ ကလေးအားလုံး ကြည့်လိုက်သည့်သူက မိကွတ်ဖြစ်နေသည်။ အမည်အရင်းက ထွေးမွန်၊ ကလေးအားလုံးက မိကွတ် ဟုသာခေါ်ကြလေ၏။ မိကွတ်၏ လက်သီးနှစ်ဖက်သည် ခပ်တင်းတင်း ဆုပ်ထားလျက် အနေအထား၌ရှိနေသည်။ သူ့မျက်လုံးကလည်း မောင်ပိုင်လွင်ကို ဒေါသမီးလျှံတောက်နေသော အကြည့်ဖြင့် မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ၏။ ဒေါသထွက်နေသောကြောင့် "ရှူး.. ရှူး..ရှဲ..ရှဲ..." ဖြစ်နေတော့သည်။ ထိုသို့ ပြဿနာဖြစ်နေခြင်းကြောင့် ဦးမြင့်ဝေတစ်ယောက် စိတ်ရှုပ်လာသဖြင့် ခေါင်းယမ်းလိုက်၊ ခေါင်းကုတ်လိုက်ဖြစ်နေသည်။ မဖြေရှင်းလျှင် ပိုဆိုးနိုင်သဖြင့်.......

"မိကွတ်...၊ သမီး...ဘာဖြစ်တာလဲ၊ ခုနကဘာဖြစ်လို့ အော်နေတာလဲ၊ ဒီမှာ ဆရာတစ်ယောက်လုံးထိုင်နေတာလေ"

ဦးမြင့်ဝေ မေးမြန်းနေသည်ကို မိကွတ်ကမဖြေ၊ မောင်ပိုင်လွင်ကိုပဲ မျက်စောင်းထိုးကာ ကြည့်နေတော့၏။

"ဟိတ်...ပြောနေတယ်လေ"

ဦးမြင့်ဝေ အသံကိုအနည်းငယ်မြှင့်ပြီး အော်လိုက်တော့မှ.......

"သမီးကို ပိုင်လွင်က စနောက်နေလို့ သူ့ကိုအော်လိုက်တာပါဆရာကြီး"

"ဘာပဲဖြစ်ဖြစ်လေ၊ ဒါကစာသင်ခန်းလေ၊ တစ်ခုခုဖြစ်ရင် ဆရာရှိတယ်၊ တိုင်ရမှာမဟုတ်လား၊ ပြီးတော့ အခြားစာသင်ခန်းတွေမှာလည်း စာသင်နေကြတယ်လေ၊ အနှောင့်အယှက်ဖြစ်နိုင်တာပေါ့"

ဦးမြင့်ဝေလည်း ဆုံးမစကားများ ပြောနေရတော့သည်။ ကလေးများသည် မကြာခဏဆိုသလို ရန်ဖြစ်ခြင်း၊ စကားများခြင်းများ ဖြစ်လေ့ရှိသည်။ ဖြစ်တိုင်းလည်း ဦးမြင့်ဝေမျာ ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် ရိုက်ပြီးအပြစ်ပေးသင့်လျှင်ပေး၊ မပေးသင့်လျှင်နှုတ်ဖြင့်ပဲ ဆုံးမလေသည်။

(၂)

"မောင်ပိုင်လွင်၊ သား...မိကွတ်ကို ဘယ်လို စနောက်လိုက်တာလဲ"

မောင်ပိုင်လွင်ခမျာ အပြစ်ပေးခံရမည်ကို ကြောက်နေသည့်ပုံဖြစ်နေသည်။ သူ့မျက်ဝန်းများတွင် မျက်ရည်စတို့က ချက်ချင်းဆိုသလို ပြည့်လျှံလာခဲ့သည်။

"ဟေ့...ဟေ့..မောင်ပိုင်လွင် သားကို ဆရာကြီး ဘာမှမလုပ်ရသေးဘူးနော်၊ လက်ဖျားနဲ့တောင်မတို့ဘူး၊ စိတ်ချ ဒါပေမဲ့... အမှန်တိုင်းတော့ဖြေရမယ်၊ ဆရာကြီးက လိမ်တာမကြိုက်ဘူးနော်"

"ဟုတ်ပါတယ်ဆရာကြီး၊ မိကွတ်ကို စနောက်ခဲ့မိပါတယ်"

"ဘယ်လိုစနောက်ခဲ့တာလဲကွ"

"မိကွတ်၊ နင့်လက်ရေးတွေက စုတ်ပြတ်နေတာပဲလို့ ပြောလိုက်မိတာပါဆရာကြီး"

"ဆရာကြီးသဘောပေါက်ပါပြီကွယ်"

ဦးမြင့်ဝေသည် စတုတ္ထအတန်းကို ဘာသာစုံသင်ပေးရသည့် ကျောင်းဆရာတစ်ဦးဖြစ်လေသည်။ ကလေးအားလုံး၏ လေ့ကျင့်ခန်းစာအုပ်များကို စစ်ဆေးပြီးသည့်နောက် အချို့လက်ရေးများက ဖတ်ဖို့မနည်းကြိုးစားရသည်။ ထို့ကြောင့် လက်ရေးအလှလေးကျင့်ဖို့ လေးကြောင်းမျဉ်းစာအုပ်တစ်အုပ်စီ ယူလာခဲ့ခိုင်းပြီး မြန်မာဖတ်စာထဲမှ သင်ခန်းစာများကို ကူးယူစေကာ လေ့ကျင့်ပေးခဲ့သည်။ လေ့ကျင့်ရာမှာ အချို့က တက်ကြွလျက်။ အချို့ကတော့ သိပ်စိတ်ဝင်စားပုံမပေါ်။ စတုတ္ထတန်းတောင် ရောက်နေပြီ လေးကြောင်းမျဉ်းစာအုပ်နှင့် ရေးနေရပါလားဟူ၍ တွေးကောင်းတွေးနေကြပေလိမ့်မည်။ ကလေးအချင်းချင်း.....

"မင်းလက်ရေးကမလှဘူး၊ ငါ့လက်ရေးကပိုလှတယ်။ မဟုတ်ဘူး၊ ငါ့လက်ရေးကအလှဆုံးကွ" ဟူ၍ စကားနာထိုးလေ့ရှိတတ်ကြသေးသည်။

"ကဲ...၊ သားတို့ သမီးတို့ အခုဆရာကြီးပြောမဲ့စကားကိုသေချာနားထောင်ပါ။ နားထောင်ကြမယ်မလား"

"နားထောင်ပါမယ် ဆရာကြီးခင်ဗျ၊ ဆရာကြီးရှင့်" ဟူ၍ တစ်ခန်းလုံးဖြေကြလေသည်။

(၃)

"အဟမ်း"

ဦးမြင့်ဝေ ချောင်းတစ်ချက်ဟန့်လိုက်လေသည်။ သူစတင်စကားပြောတော့မည်ဟု သတိပေးလိုက်ခြင်းပင်။

"အရင်တုန်းက သားတို့ သမီးတို့လို စတုတ္ထတန်း ကျောင်းသားလေး မောင်တေဇာနဲ့ ကျောင်းသူလေး မနှင်းဆီတို့ရှိခဲ့ကြတယ်။ သူတို့ကိုဆရာကြီးက စာသင်ပေးရတာပေ့ါ။ တစ်နေ့မှာ သူတို့ ရောင်စုံစက္ကူ စာရွက်တွေ၊ ကော်ဘူးတွေ၊ ကတ်ကြေးတွေနဲ့ ရောင်စုံအရုပ်လေးတွေလုပ်ကြတာပေ့ါ။ အရုပ်လေးတွေကလည်း လှမှလှ၊ လိုချင်စရာလေးတွေကွ၊ အိမ်ပုံ၊ လှူပုံ၊ မီးပုံးလေးတောင်ပါလိုက်သေး"

ဦးမြင့်ဝေတစ်ယောက် စကားပြောနေခြင်းကို ခဏနားကာ ကလေးများ၏ မျက်နှာအနေအထားကို သေချာလေ့လာကြည့်နေသည်။ မည်သူမျှ စကားပြောခြင်း၊ ဆူညံနေခြင်း၊ လှုပ်ရှားနေခြင်းမရှိပေ။ သူတို့အားလုံး စိတ်ဝင်တစားနားထောင်နေပြီဟုမှတ်ယူရင်း....

"အဲဒီမှာ မောင်တေဇာဆိုတဲ့ကလေးက မနှင်းဆီလုပ်ထားတဲ့ မီးပုံးလေးကို လိုချင်ပုံရတယ်ကွ၊ မနှင်းဆီရဲ့လက်ထဲကစက္ကူပုံးလေးကို လုပြီးပြေးတော့တာပဲ"

"ဟင်...၊ ဟာ...."

ကလေးအချို့၏ အာမေဍိတ်အသံများက ခပ်တိုးတိုးလေးထွက်ပေါ်လာခဲ့သည်။

"မနှင်းဆီလည်း သူ့ရဲ့စက္ကူမီးပုံးလေးကိုဘယ်အဆုံးရှုံးခံမလဲ၊ သူ့ခမျာရောင်စုံစက္ကူကလည်းဝယ်ရသေးတယ်။ ကော်ဘူးကလည်းဝယ်ရသေးတယ်လေ။ သူလည်း မောင်တေဇာနောက်ကို ပြေးလိုက်တော့တာပဲ။ မသိရင်စိန်ပြေတမ်းကစားနေသလားထင်ရတယ်။ မောင်တေဇာက ရှေ့ကပြေး၊ မနှင်းဆီကနောက်ကလိုက်ပေ့ါကွာ။ ကံဆိုးချင်တော့ကွာ မောင်တေဇာခမျာ...."

ဦးမြင့်ဝေလည်း ရေဘူးထဲမှရေကို တစ်ငုံမော့သောက်နေသည်။

"ဟင်...မောင်တေဇာဘာဖြစ်မှာလဲ၊ မီးပုံးလေးကရော၊ မနှင်းဆီကလည်း ပေးလိုက်ပါလား"

ကလေးအချို့၏ ဝေဖန်သံများ၊ အားမလို အားမရဖြစ်နေသည့်အသံများသည် တစ်ခဏအတွင်းမှာ ပြိုင်တူထွက်ပေါ်လာခဲ့သည်။ ဦးမြင့်ဝေလည်း မိကွတ်ကို အကဲခတ်ကြည့်လိုက်သည်။ ဒေါသများပြေလျော့နေသည့်ပုံစံ၊ မျက်နှာလေးကကြည်လင်နေလျက်။ အင်မတန်သိချင်နေပုံရသောကလေးအချို့က ...

"ဆရာကြီး ဆက်ပြောပါရှင့်၊ ဆက်ပြောပါဆရာကြီးခင်ဗျ" ဟူ၍ ပြိုင်တူအော်ပြီး တောင်းဆိုလေသည်။ ကလေးတွေ၏ သိချင်စိတ်ကို နှိုးဆွပေးနိုင်ခဲ့သောကြောင့် ဦးမြင့်ဝေတစ်ယောက်ကျေနပ်လျက်၊ သူ့မျက်နှာတွင် အပြုံးလေးတစ်ခုတောင် လက်ခနဲဖြစ်သွားခဲ့သည်။

"ဟုတ်ပါပြီ၊ ဆက်ပြောတာပေ့ါ၊ မောင်တေဇာတစ်ယောက် ပြေးရင်းလွှားရင်း အရှိန်လွန်ပြီးလဲသွားရှာတယ်။ ကံဆိုးတာက သူလဲတဲ့နေရာမှာ ဘယ်ကဘယ်လိုရောက်နေမှန်းမသိတဲ့ အုတ်ခဲတစ်လုံးရှိနေတာပဲ။ အဲဒီအုတ်ခဲပေါ်ကို သူ့မျက်နှာက သွားပြီးကျတော့ မျက်ခုံးကွဲသွားတယ်လေ။ သွေးတွေများထွက်တာမြင်တောင်မကောင်းဘူးကွ"

ဦးမြင့်ဝေလည်း မောသွားသောကြောင့် ခဏနားနေတော့၏။

(၄)

ကလေးအချို့၏ မျက်နှာများသည် သိသိသာသာညှိုးငယ်နေသည်။ သူတို့စိတ်ထဲမှာ မောင်တေဇာကို သနားနေပုံရသည်။ အနည်းငယ်ကြာတော့ ဦးမြင့်ဝေက ဆက်ပြောပြန်သည်။

"အဲဒီလိုတွေဖြစ်ပြီး မောင်တေဇာနဲ့ မနှင်းဆီတို့လည်း ဆရာကြီးဆီလာရောက်တိုင်ကြ၊ တောကြတော့တာပေ့ါ။ အချို့ကလေးတွေကတော့ မောင်တေဇာကို တွဲခေါ်ပေးရှာတယ်။ မောင်တေဇာရဲ့ အဝတ်အစားကတော့ သွေးတွေကြောင့် အဖြူရောင်ကနေ အနီရောင်ပြောင်းသွားတယ်။ ဆရာကြီးလည်း သူတို့ကို သေချာမေးကြည့်တော့ မောင်တေဇာက သူစနောက်ပြီးယူပြေးတာလို့ပြောတယ်။ မနှင်းဆီကလည်း ဒီလိုတွေထိခိုက်မှုတွေဖြစ်မယ်မှန်း ကြိုသိခဲ့ရင် သူစိတ်ဆိုးဒေါသထွက်ပြီး နောက်ကနေပြေးမလိုက်ပါဘူးလို့ ပြောရှာပါတယ်။ အဖြစ်အပျက်ကတော့ အဲဒါပါပဲ၊ စနောက်ခြင်းရဲ့အကျိုး၊ ဒေါသထွက်ခြင်းရဲ့ရလဒ်"

ဦးမြင့်ဝေလည်း မိကွတ်ကိုတစ်လှည့်၊ မောင်ပိုင်လွင်ကိုတစ်လှည့် ကြည့်လိုက်ပြီး....

"ကဲ...မောင်ပိုင်လွင်၊ စတယ် နောက်တယ်ဆိုတိုင်းကောင်းသလား"

"မကောင်းပါဘူးဆရာကြီး"

"သမီးမိကွတ်...၊ ဒေါသထွက်ပြီး တုံ့ပြန်မိရင် ဖြစ်ပေါ်လာမဲ့ရလဒ်ကို တွေးတတ်ပြီလား၊ နားလည်ပြီလား"

"နားလည်ပါပြီဆရာကြီး၊ နောက်ဆို သမီးစိတ်ကို ထိန်းနိုင်အောင်ကြိုးစားပါမယ်"

"ဒီလိုမှပေ့ါ တပည့်တွေရ၊ ကဲ.... ဟုတ်ပြီ၊ သားတို့ သမီးတို့အားလုံး နားထောင်ကြပါ၊ ဆရာကြီးက သားတို့ သမီးတို့ကို လက်ရေးအလှ လေ့ကျင့်ခိုင်းတယ်။ ဒါပေမဲ့ မမျှော်လင့်ထားတဲ့ ပြဿနာလေးတွေ ဖြစ်လာခဲ့တယ်။ အဲဒီတော့ပြောချင်တာက လက်ရေးလှအောင် လေ့ကျင့်ကြသလို နှလုံးသားလှအောင်လည်း လေ့ကျင့်ကြပါ၊ လက်ရေးလည်းလှ၊ နှလုံးသားလဲလှပေ့ါကွာ"

ဦးမြင့်ဝေ၏စကားအဆုံးမှာတော့......

"ဒေါင်......ဒေါင်......ဒေါင်....."

ကျောင်းဆင်းသည့် အချက်ပေးခေါင်းလောင်းသံထွက်ပေါ်လာပြီး အခန်းအသီးသီးမှ ကျောင်းသား ကျောင်းသူများ၏ "ကျေးဇူးတင်ပါတယ်ဆရာမ၊ ကျေးဇူးတင်ပါတယ်ဆရာကြီး"ဟူသော နှုတ်ဆက်သံများ ကျောင်းဝင်းတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။ ။

## မျိုးဆက်သစ်ပျိုးခင်း ကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကျန်းမာနေမှ ဘဝလှ

ကျန်းမာရေးကို အလေးထား
အသိပွား လိုက်နာ။
မနက်တွင် စောစောထ
လမ်းလျှောက်ကြပါ။
ကိုယ်လက်လှုပ်ရှား ကစားကာ
လေ့ကျင့်ခါ နေ့တိုင်းပြု။
ခန္ဓာကိုယ် ကြံ့ခိုင်ရေးအတွက်
တွေးကြယခု။

မနက်တွင် စိတ်ကြည်လင်မှုက
ဂရုစိုက် တစ်နေ့လုံးပင်။
လုပ်ငန်းခွင် အဆင်ပြေကြ
ရွှင်ပျကြည်လင်။
တစ်နေ့လုံး ပြုံးပျော်ရွှင်
အလုပ်တွင် သွက်လက်သေး။
စောစောထကာ လမ်းလျှောက်ခြင်းက
ကောင်းခြင်းတွေပေး။

အပေါင်းဖော်တွေ ပေါင်းစုမနေး
မနက်ခင်းလေး လမ်းလျှောက်ကွယ်။
နေ့တိုင်းပါ မပျက်မကွက်
ရှေ့ဆက်ရည်ရွယ်။
ကျန်းမာနေမှ ဘဝလှတယ်
ရုပ်ဆင်းရယ် နုပျိုခြင်း။
အရွယ်တင် တက်ကြွမှုဖြစ်သမို့
(အဆွေတို့ရေ)
နေ့သစ်ဖန်ဆင်း။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

## အားလပ်ရက်ခရီး

* အားလပ်ရက်မှာ အပန်းဖြေ
ခရီးထွက်မယ်လေ။
မိသားစုတွေ စုံညီလို့
ပျော်ပျော်သွားကြစို့။
* ဘုရားဖူးလို့ တို့တစ်တွေ
ကုသိုလ်ယူမယ်လေ။
တန်ခိုးကြီးပေ ဘုရားများ
စုံအောင်ဖူးမြော်သွား။
* မြို့ဟောင်းများနဲ့ နန်းတော်ရာ
ကြည့်ရှုလို့လေ့လာ။
သမိုင်းစဉ်လာသိပါမှ
နိုင်ငံသားပီသ။
* ရေကူးကြစို့ ကမ်းခြေဝယ်
ကိုယ်စိတ်ကျန်းမာတယ်။
ပျော်ရွှင်ဖွယ်ရာ ခရီးသွား
တို့မိသားစုများ။
ဗဟုသုတပွား။ ။

ထက်သခင်(သုံးဆယ်)

ဆောင်းပါး

# ကလေးပြုစုပျိုးထောင်ခြင်း အနုပညာ

**မင်းသိန်းထက်(ဇလပ်မြေ)**

ပွဲကိုင်ရှင် လက်ဦးဆရာများဖြစ်ကြသော မိဘများအနေဖြင့် သား၊ သမီးများကို လိမ္မာစေရန်နှင့် ထူးချွန်ကြစေရန် လမ်းညွှန်ဆုံးမပေးရာတွင် အစွမ်းနှစ်မျိုးကို ရှောင်ရန်လိုအပ်ပါသည်။ကလေးများကို သူတို့လုပ်ချင်ရာ၊ စိတ်ချမ်းသာရာ လုပ်ပါစေဆိုပြီး အလိုလိုက်ထားခြင်းနှင့် မိဘက ကောင်းသည်ထင်သည့်အတိုင်း လုပ်ရမည်ဆိုသော အကျပ်ကိုင်ဆုံးမခြင်းတို့ပင်ဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်လူငယ်ကလေးများကို ပွဲပြင်ဆုံးမပေးကြသော မိဘများနှင့် ဆရာ ဆရာမများသည် ထိုအစွန်းနှစ်မျိုးကို ရှောင်ရန်လိုအပ်ကြောင်း ကလေးစိတ်ပညာစာတမ်းတစ်စောင်ထဲတွင် ထိုသို့ မှတ်သားခဲ့ရဖူးပါသည်။

မိဘများက သား၊ သမီးများကို ပွဲပြင်ဆုံးမပေးသော အလုပ်သည် အလွန်သိမ်မွေ့ပြီး အနုပညာဆန်လှပါသည်။ မည်သို့သော အနုပညာဖန်တီးမှုကိုမဆို မိမိရည်ရွယ်ထားသူ၏ ရင်ထဲသို့ရောက်အောင် ပို့ပေးနိုင်မှသာလျှင် တန်ဖိုးရှိပေမည်။ ထို့အတူ မိဘများက သား၊ သမီးများကို သွန်သင်ဆုံးမပေးရာတွင် သူတို့၏ ရင်ထဲသို့ရောက်ရှိပြီး လက်ခံနိုင်အောင် ဆုံးမရပါမည်။ နွေးထွေးကြင်နာမှုရှိရန် လိုအပ်သလို စည်းကမ်းခိုင်မာမှုရှိရန်လည်း လိုအပ်ပါသည်။ ထိုအရာများကို တတ်သိနားလည်သော မိဘများနှင့် ဆရာများထံတွင် သင်ယူခွင့်ရရှိသော ကလေးများမှာ ထူးချွန်လိမ္မာကြမည် မလွဲပါပေ။

သို့ရာတွင် ကလေးများကို သွန်သင်ဆုံးမရာ၌ ချစ်၍ ကောင်းစေချင်သော စိတ်တစ်ခုတည်းဖြင့် စေတနာဇောကြီးပြီး လောဘမလွန်မိစေရန် လိုအပ်ပေသည်။စေတနာဇောကြီးပြီး လောဘလွန်ကဲမိပါက ဝေဒနာအမောနှင့် ဒေါသဖြစ်စရာများ ကြုံရတတ်ပါသည်။ မိဘများက မလုပ်စေချင်သောအရာကို ကလေးများက ပြုလုပ်နေလျှင် အကျိုးအကြောင်းနားလည်အောင် ဦးစွာကြိုးစားသင့်ပါသည်။ ကလေးများတွင် အများဆုံးတွေ့ရသော ပြဿနာများမှာ ပတ်ဝန်းကျင်မှ အတုယူမှားတတ်ခြင်း၊ ရွယ်တူဖိအားကို မလွန်ဆန်နိုင်ကြခြင်း၊ မီဒီယာများမှ လွဲမှားစွာ သင်ယူမိခြင်း စသောအချက်များပင်ဖြစ်သည်။ ယနေ့ခေတ်လိုမျိုး နည်းပညာခေတ်ကြီးထဲတွင် ခေတ်ပေါ်မီဒီယာပစ္စည်းများမှ လွဲမှားစွာ သင်ယူမိချင်းကို ပို၍ပင် ဖြစ်စေနိုင်ပါသည်။ အကြောင်းအရာ ကဏ္ဍမျိုးစုံကို Click တစ်ချက်နှိပ်ရုံ၊ Enter တစ်ချက်ခေါက်ရုံဖြင့် လေ့လာသင်ယူ၍ ရနေပေပြီ။ အသုံးပြုတတ်လျှင် မိတ်ဆွေ၊ အသုံးမပြုတတ်လျှင် ရန်သူဆိုသည့် စကားအတိုင်းပင်ဖြစ်သည်။ လူငယ်များသည် လူငယ်ပီပီ စူးစမ်းလေ့လာချင်သည်။ လွတ်လပ်စွာ ပျံသန်းလိုသည်။ မိဘများနှင့် ဆရာများက ကောင်းရာကောင်းကြောင်းကို လမ်းညွှန်ပေးသူ၊ပွဲကိုင်ပေးသူများအဖြစ် မှန်သောလမ်းကြောင်းပေါ်သို့ တင်ပေးနိုင်ရန် ကြိုးစားကြရပါမည်။

ကလေးများ၏ ပြုမူဆောင်ရွက်မှုတိုင်းသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အကျိုးအကြောင်း ခိုင်မာစွာ ရှိနေပါသည်။ ကလေးများ၏ ပြုမူဆောင်ရွက်မှုတိုင်းမှာ –

၁။ အသက်အရွယ်ကြောင့် (ဥပမာ– သူတို့လိုချင်သောပစ္စည်းများ ပြောင်းလဲလာခြင်း၊ ပျိုဖော်ဝင်စတွင် စိတ်ကစားတတ်ခြင်း)

၂။ ပတ်ဝန်းကျင်ကြောင့် (ဥပမာ– ဆဲဆိုသောစကား ပြောတတ်နေခြင်း၊ သူတစ်ပါးအပေါ်ကြင်နာသနားတတ်ခြင်း၊ ပရဟိတအလုပ်စိတ်ဝင်စားခြင်း)

၃။ ရွယ်တူဖိအားကြောင့် (ဥပမာ– အပေါင်းအသင်းများနှင့် ကျောင်းပြေးတတ်ခြင်း၊ ရုပ်ရှင်ရုံနှင့် ပန်းခြံများသို့ အလည်အပတ်သွားတတ်ခြင်း)

၄။ စိတ်ပိုင်းဆိုင်ရာ အဆင်မပြေမှုကြောင့် (ဥပမာ– ငေးငိုင်နေတတ်ခြင်း၊ ကျောင်းစာကို မလုပ်ချင်တော့ခြင်း)

၅။ ဗီဇကြောင့် (ဥပမာ– ကျောင်းစာသင်ယူရခြင်းထက် စာကြည့်တိုက်မှ စာပေများကိုသာ ဖတ်ရှုနေလိုခြင်း၊ ပန်းချီပညာကို ပို၍စိတ်ဝင်စားခြင်း၊ သိပ္ပံပညာကိုသာ စိတ်ဝင်စားနေခြင်း) စသောအချက်များကြောင့်ဖြစ်သည်။

အထက်ပါအချက်များကိုကြည့်လျှင် ကလေးများ၏ပြုမူဆောင်ရွက်မှုတိုင်းမှာ အကောင်းနှင့်အဆိုးဒွန်တွဲနေသည်ကို တွေ့ရပေမည်။ထို့အတူ လူတိုင်းလူတိုင်း အပြစ်ကင်းကြသည်တော့ မဟုတ်ပေ။ သို့ရာတွင် မပြုလုပ်သင့်သောအရာများကို မပြုလုပ်မိစေရန်နှင့် ပြုလုပ်သင့်သောအရာများကို ပြုလုပ်တတ်ကြစေရန် လမ်းပြပေးရပါမည်။ အချို့သောကလေးများသည် မိဘများ၏ မျက်စိရှေ့တွင်သာ စည်းကမ်းများကို လိုက်နာနေကြသော်လည်း သူ့စိတ်ထဲတွင် ဘဝင်မကျနိုင်ပေ။ သူ၏အပြုအမူကြောင့် မကြာခဏဆိုသလို ဆိုးသည်ဟု ပြောခံရတတ်ပါသည်။ ကလေးများအပေါ်တွင် ဘယ်လိုဆိုးသည်၊ ဘယ်လောက်ဆိုးသည်ဟု အပြစ်မြင်နေခြင်းထက် ဘာကြောင့်ဆိုးရသည်ကို ရအောင်ရှာပြီး သွန်သင်ဆုံးမပေးခြင်းက ပို၍ကောင်းလေသည်။

စိတ်လှုပ်ရှားလွယ်သော ဆယ်ကျော်သက်ကလေးများအတွက် သူတို့၏တန်ဖိုးကို သူတို့ကိုယ်တိုင်သိမြင်ပြီး တန်ဖိုးထားတတ်စေရန် သွန်သင်ပေးသင့်ပါသည်။ သူတို့တွင် တန်ဖိုးကိုယ်စီရှိကြောင်း သိစေရန် ကိုယ်ပိုင်အရည်အချင်းများလည်း ရှိဖို့လိုအပ်ကြောင်း လမ်းညွှန်ပေးရပါမည်။ ထို့ကြောင့် “ဒီလိုနေရာမှာ နေ၊ ဒီလိုလမ်းကြောင်းကို လျှောက်၊ ဒီလိုကောင်းအောင် လုပ်”စသည်ဖြင့် အချိန်တန်သောအခါ သူတို့လိုအပ်သမျှ ပြည့်စုံလာနိုင်ကြောင်းကိုလည်း လမ်းညွှန်အားပေးကြရန် လိုအပ်ပေသည်။

ရွယ်တူဖိအားများကြောင့် ကျောင်းပြေးသောကလေးကို အစတစ်ခါမှာပင် ပွဲကြမ်းပြီး ဆုံးမခြင်း မပြုသင့်ပေ။ ကလေး၏ ကျောင်းပြေးဖော်သူငယ်ချင်းများအတွက် အလှူအသေးလေး ပြုလုပ်ကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်းများပေးခြင်း စသည်ဖြင့် သူတို့အပေါ် ချစ်ခင်ရင်းနှီးကြောင်း ပြသနိုင်ရပေမည်။ ထို့နောက် သူတို့ကောင်းဖို့ ဆုံးမသောအခါ မကြာခင် လိုက်နာတတ်ကြပါသည်။ အလိုလိုက်ခြင်းလည်း မဟုတ်၊ အကျပ်ကိုင်ခြင်းလည်း မဟုတ်သော နွေးထွေးသည့် စည်းရုံးမှုမျိုးဖြင့် ခိုင်မာမှုရှိရှိ သွန်သင်ဆုံးမ ပေးနိုင်ပါသည်။

မြတ်စွာဘုရားရှင်ပင် တရားဟောကြားရာတွင် တရားနာပရိသတ်တို့၏ ဝါသနာ၊ ဗီဇများကို အခြေခံ၍ တရားကို သိမြင်လွယ်စေရန် ဥပမာပေး လမ်းညွှန်ဟောကြားခဲ့သော သာဓကများစွာ ရှိပါသည်။ တစ်ခါသော် မြတ်စွာဘုရားရှင်သည် လယ်တောထဲသို့ကြွသွားပြီး လယ်တောထဲက အကြောင်းအရာများဖြစ်သည့် မျိုးစေ့၊ ထွန်တုံး၊ လယ်ကွက်များဖြင့် ဥပမာပေးကာ လယ်သမားကြီးအား ဝါသနာ၊ ဗီဇအလိုက် နိဗ္ဗာန်ဉာဏ်မြင်သည်အထိ တရားပြပေးခဲ့သည်လည်းရှိပါသည်။ ထို့အတူ ကလေးများ၏ အခက်အခဲ၊ စိတ်နေသဘောထား၊ ဝါသနာနှင့် ဗီဇ စသည့် နောက်ခံအကြောင်းအရာများကို လေ့လာသိရှိ စည်းရုံးနိုင်ခြင်းဖြင့် ထူးချွန်လိမ္မာသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် မိဘများ၊ ဆရာများ ဖြစ်နိုင်ကြစေကြောင်း ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

## လှမ်းလာခဲ့ပါ ဆွေသဟာ

* ကျွန်တော်တို့ရွာ အညာဒေသ
လှမ်းခဲ့ပ ဆွေသဟာ။
မြစ်ရော ကမ်းနံဘေးမှ
အေးချမ်းသာယာ။
ထိန်ထိန်လင်း စပါးရွှေဝါ
တို့လယ်ယာ ရှုမငြီး။
ရွာအဝင် ထန်းပင်ထန်းတောနဲ့
ကုက္ကိုတန်းကြီး။
* ကျွန်တော်တို့ရွာ ညနေအလှက
ရှုမဝ ပန်းချီနှယ်။
စစ်ကိုင်းတောင် အနောက်ရိုးမှ
နေဖြိုးလို့ကွယ်။
ပိုက်ကွန်စွဲတဲ့ တံငါသည်
ရောအလယ် ရေစုန်မျှော။
ထုံးစေတီ တောင်ဦးထိပ်မှာလ
ကြည်နူးစိတ်နော။
* တောပန်းစုံ ရနံ့သင်း
မြောက်လေညင်း သယ်ဆောင်ယူ။
နေညိုချိန် အိပ်တန်းတက်တဲ့
ကျေးငှက်တို့ဆူ။
ရင်ထဲမှ သောကအပူ
ပြေစေမူ သာစခန်း။
လှမ်းခဲ့ပါ တစ်ခါတစ်ခေါက်တော့
လာရောက်ရှုမြန်း။ ။

လွမ်းသူလေး (ကျောက်ဖျာ)

## အမှောင်ကွယ်ပျောက် အလင်းရောက်

အမုန်းစကားကို မလိုလား
နှလုံးသား လှစေရာ။
လူချင်းအတူ အဆင့်မခွဲ
လက်တွဲကြမှာ။
အသိစိတ် မြှင့်တင်ပါ
လူပြည်ရွာ ကောင်းဖို့တွေး။
ကမ္ဘာမြေ လောကအတွက်
အပြုံးလက်ဆောင်ပေး။
ကြည်ဖြူစွာ လက်တွဲရေး
ထွေးပွေ့ရင်း ဆီးကာကြို။
အခက်ခဲတွေ အတူဖြေရှင်း
ရှိုင်းပင်းဖို့လို။
ရှေ့ဆက်မယ့် ခရီးကို
နေမညိုခင် အရောက်သွား။
အတွေးအမြင် အကြံသစ်နဲ့
ထုဆစ်လို့ထား။
လောကမှာ သစ္စာတရား
ကြီးမားဖို့ လိုအပ်ပေ။
ရှင်သန်ချိန် လူ့ဘဝ
တစ်ခဏလေ။
လူသားတို့ ကမ္ဘာမြေ
အတ္တတွေ လွှင့်စဉ်ပျောက်။
အမှောင်ကို ရှောင်ကွင်းပါမှ
အလင်းသို့ရောက်။ ။

သီရိဟန်နိုင် (ပုလဲ)

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၂ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၂ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**


| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိ မြို့နယ်ရှိ မြို့မကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝိဝေက ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီး ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်း တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျှံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များ ကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒကျောင်းတိုက်၊ မန္တလေးတိုင်း ဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရွှေရေးဆောင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့ နယ်ရှိ မဟာသန္တာရာမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ သီရိမင်္ဂလာကံလှကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဟာရ ချမ်းမြသာစည်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်မင်္ဂလာနမ့်ဆန်ကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## Top Ten ရသူများ၏ စာစီစာကုံးနှင့် စာကျက်နည်းများ(၃) စာအုပ်ဖြန့်ချိ




နန္ဒာမိုးမြေစုစည်းဖော်ပြထားသည့် မေးခွန်းပုံစံသစ် အဆို၊ အချေ၊ ထောက်ခံ၊ ကန့်ကွက်အရေးအသားများ ပါဝင်သည့် Top Ten ရသူများ၏ စာစီစာကုံးနှင့် စာကျက်နည်းများ(၃) ၂၀၂၂ အထူး ထုတ်စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် နန္ဒာမိုးမြေ၏ ဆောင်းပါး ၁၇ ပုဒ်အပြင် လူရည်ချွန်များနှင့် Top Ten ရသူများ၏ အတ္ထုပ္ပတ္တိနှင့် စာကျက်နည်းများ၊ ၎င်းတို့ ရေးသားထားသည့် စာစီစာကုံးများကို စုစည်းဖော်ပြထားပါသည်။

အဆိုပါစာအုပ်ကို ပညာဗိမာန်စာအုပ်တိုက်၊ အမှတ် ၂၂၈၊ အနော်ရထာလမ်းနှင့် ၃၉ လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၃၁၄၃၊ ၀၁-၉၁၃၉၀၄၀၂၊ ၀၉-၅၁၃၆၇၄၆၊ ၀၉-၄၄၄၉၉၈၈၇၃ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## "သီသီနှင့်ကြည်ကြည်" နှင့် အခြားစာစုများစာအုပ်ဖြန့်ချိ




စာရေးဆရာ ချစ်ဆွေမြင့် ရေးသားထားသည့် "သီသီနှင့် ကြည်ကြည်" နှင့် အခြားစာစုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ၏ တပ်မတော်သားဘဝအပြင် ကျင်လည်ခဲ့ရသည့် ဘဝအတွေ့အကြုံများကို ပုံဖော်ရေးဖွဲ့ထားသည့် စစ်မှုထမ်းဟောင်း ချစ်ဖေ၊ မနေတတ်သောနိုင်ငံသားတစ်ဦး၏ အလေ့ အထမှရသော ဘဝတူလူတန်းစားနှစ်ခု၏ တူညီကြပုံကို ရေးဖွဲ့ထား သည့် လယ်သမားအိုနှင့် စစ်သားအို၊ သီသီနှင့် ကြည်ကြည်၊ စစ်သားတို့ အကြောင်း၊ လက်မထပ်ဖူးလို့ပါအချစ်ရယ်၊ အုတ်တစ်ချပ် သဲတစ်ပွင့်၊ ရွှေပြည်တော်မှာ ဆုံရချည်ရဲ့ စသည့်ဝတ္ထုတို စာစုပေါင်း ၁၄ ပုဒ်ဖြင့် တကယ့်အဖြစ်အပျက်များကို အခြေခံ၍ ချစ်စရာ၊ လွမ်းစရာ၊ လေးစား ဖွယ်ရာအဖြစ် ရေးဖွဲ့ထားသည်။

စာအုပ်ကို မေတ္တာရိပ်နန်းစာပေ၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊ ရန်ကင်းမြို့၊ မိုးကျော်စာပေ ၀၉-၄၂၃၇၁၈၆၀၀၊ ၀၉-၂၅၀၀၂၂၂၃၀ တို့မှ တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

## မွေးမေ့ရင်ခွင်ပြန်ရောက်လာသည့် နန်းစဉ်ရတနာပတ္တမြားငမောက်စာအုပ်ဖြန့်ချိ




ကိုလေး(စစ်တက္ကသိုလ်)စုစည်းရေးသားသည့် မွေးမေ့ရင်ခွင် ပြန်ရောက်လာသည့် နန်းစဉ်ရတနာ ပတ္တမြားငမောက်စာအုပ်ထွက် ရှိလာသည်။

စာရေးသူက မြန်မာ့နန်းစဉ်ရတနာ ပတ္တမြားငမောက်အကြောင်း နှင့်ပတ်သက်၍ သမိုင်းမှတ်တမ်းကို အခန်းစဉ်အပိုင်းလိုက် သေချာ စေ့ငုစွာ လေ့လာသုံးသပ်နိုင်စေရေး မေတ္တာစေတနာအရင်းခံဖြင့် ပြုစုရေးသားထားသည်။

အဆိုပါစာအုပ်တွင် ပတ္တမြားငမောက်၏ ဇာတိမြေ၊ နန်းစဉ် ပတ္တမြားငမောက် မည်သို့ပျောက်၊ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက် သီပေါမင်းပါတော်မူသည့်နေ့မှတ်တမ်း တင်ထားမှုများ၊ ပတ္တမြားငမောက်နှင့်ပတ်သက်၍ သုံးသပ်ဆင်ခြင် ကြည့်ရှုရမည့် တင်ပြထားချက်များ၊ ငမောက်ပတ္တမြားပျောက်ဆုံးခြင်းအပေါ် တူညီသည့် သဘောထားများ၊ ခြေရာပျောက် ပတ္တမြားငမောက် သဲလွန်စနှင့် မွေးမေ့ရင်ခွင်ပြန်ရောက်လာသည့် မြန်မာ့နန်းစဉ်ရတနာ ပတ္တမြားငမောက် စသည်ဖြင့် အပိုင်းခြောက်ပိုင်းခွဲ၍ ပြုစုရေးသားထားပါသည်။

ယင်းစာအုပ်ကို မေတ္တာရိပ်နန်းစာပေ၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့၊ မိုးကျော်စာပေ ၀၉-၄၂၃၇၁၈၆၀၀၊ ၀၉-၂၅၀၀၂၂၂၃၀ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

## မြန်မာ့သုတပညာရေးမှတ်တိုင်များစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန စာပေဗိမာန်က ဦးညွန့်ဝေ (B.A,B.Ed) ၏ "မြန်မာ့သုတပညာရေးမှတ်တိုင်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာ့ပညာရေးမှတ်တိုင်များ ဟုဆိုသည့်အတိုင်း ဘီစီ ၅၈၈ မှ အေဒီ ၂၀၂၀ အထိ နှစ်ပေါင်း ၂၆၀၈ နှစ်အတွင်း ရဟန်းရှင်လူပေါင်း ၅၀၀ နီးပါး၊ အချက်အလက်ပေါင်း ၁၅၀၀ နီးပါးကို သုတေသနပြု ရှာဖွေပြုစုထားသော စာမူဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၃ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော အချိန်ကာလမှစပြီး ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ် ကိုလိုနီ နယ်ချဲ့ခေတ်၊ ဂျပန်ခေတ်၊ ဒုတိယအကြိမ် အင်္ဂလိပ်များ ရောက်ရှိအုပ်စိုးသည့်ခေတ်၊ လွတ်လပ် ရေးရပြီး ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီ ခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအစိုးရ ခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအစိုးရ ခေတ်စသည်ဖြင့် ခေတ်အဆက်ဆက်၏ ပညာရေးမှတ်တမ်း၊ မှတ်တိုင် များကို ရက်စွဲနှင့်တကွတိတိကျကျ ရှာဖွေသုတေသန ပြုရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ် သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၅၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူ လိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေ ဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နွေစပါးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး ဝယ်ယူကြိတ်ခွဲ တင်ပို့သူအစုအဖွဲ့များ၊ တောင်သူအစုအဖွဲ့များနှင့် တွေ့ဆုံပွဲကျင်းပ

**နတ်တလင်း ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝယ်ယူကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များ၊ တောင်သူ အစုအဖွဲ့များနှင့် မြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းမြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံချက်ပါလုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ၍ လုပ်ငန်းအောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်အစုအဖွဲ့များ ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။



ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နတ်တလင်း မြို့နယ်အတွင်း နွေစပါးစိုက်ဧကများ ရေလုံလောက်စွာ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ၍ တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ရှင်းလင်းဖြည့်စွက်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**○ မြန်မာနိုင်ငံမှ**

ဗိုလ်လုပွဲကစားရခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် Fly Eagle အသင်းနှင့် Smart အသင်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး Fly Eagle အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ Tong Tah အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး၊ ဒုတိယဆုရ Smart အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး၊ ပထမဆုရ Fly Eagle အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးနှင့် ချန်ပီယံဆုဖလား၊ ပြိုင်ပွဲတစ်လျှောက် ဂိုးသမားဆုကို ကျော်မိုးနိုင် (Fly Eagle အသင်း)၊ နောက်တန်းဆုကို ကိုဝေ (Smart အသင်း)၊ အလယ်တန်းဆုကို သက်ကိုကို (Tong Tah အသင်း)၊ ရှေ့တန်းဆုကို ဇော်လင်းအောင် (Fly Eagle အသင်း)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို ငြိမ်းချမ်းအောင် (Smart အသင်း) တို့က ရရှိသည်။ ယင်းဆုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပေးအပ်ချီးမြှင့်ပြီး ဆုရအသင်းများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-သော်ကြီး**

**❂ အာဂျင်တီးနားမှ**

အာဂျင်တီးနားအသင်းနဲ့ ပြင်သစ်အသင်းတို့ဟာ ကမ္ဘာ့ဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးဖို့ မျှော်လင့်ထားကြတာဖြစ်ပြီး ပြင်သစ်အသင်းဟာ ၁၉၉၈ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ် တစ်ကြိမ်နဲ့ ၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာ ချန်ပီယံဖြစ်ခဲ့တာပါ။ အာဂျင်တီးနားအသင်းကလည်း ၁၉၇၈ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က တစ်ကြိမ်နဲ့ ၁၉၈၆ ခုနှစ် မက္ကဆီကိုကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာ ချန်ပီယံဖြစ်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။

ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ဟာ ကမ္ဘာ့ဖလား သုံးကြိမ်မြောက်ဆွတ်ခူးဖို့အရေး တာစူနေသလို ယခုဗိုလ်လုပွဲစဉ်ဟာ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီတို့အတွက် ကမ္ဘာ့ဖလားချန်ပီယံဆုဖလားအပြင် ဂိုးသွင်းအများဆုံးကစားသမားကို ပေးအပ်တဲ့ ရွှေဖိနပ်ဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားကိုပေးအပ်တဲ့ ရွှေဘောလုံးဆုတို့ရရှိရေး အပြိုင်နွှဲရမယ့် ဗိုလ်လုပွဲစဉ် ဖြစ်ပါတယ်။

လက်ရှိအနေအထားမှာ မက်ဆီနဲ့ အမ်ဘတ်ပီတို့ဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ငါးဂိုးစီသွင်းယူထားကြပြီး ဂိုးဖန်တီးမှုမှာ မက်ဆီက သုံးကြိမ်နဲ့ အမ်ဘတ်ပီက နှစ်ကြိမ်ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ မတူညီတဲ့အချက်ကတော့ အမ်ဘတ်ပီက လွန်ခဲ့တဲ့လေးနှစ်က ရုရှားမြေမှာ ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားရရှိခဲ့တာကြောင့် ယခုကမ္ဘာ့ဖလားမှာ ပြင်သစ်အသင်း ချန်ပီယံဖြစ်ခဲ့မယ်ဆိုရင် အမ်ဘတ်ပီအတွက် ဒုတိယမြောက် ကမ္ဘာ့ဖလားရရှိမှုဖြစ်လာမှာပါ။ မက်ဆီကတော့ အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလား ငါးကြိမ်တိုင်တိုင် ပါဝင်ကစားခွင့်ရရှိခဲ့ပေမယ့် ကမ္ဘာ့ဖလားတစ်ကြိမ်မှ ရရှိခဲ့ဖူးခြင်းမရှိတာကြောင့် အာဂျင်တီးနားအသင်း ချန်ပီယံဖြစ်ခဲ့ရင် မက်ဆီအနေနဲ့ ပထမဆုံး ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တဲ့ မှတ်တမ်းဝင်တော့မှာ ဖြစ်ပါတယ်။

နည်းပြစကော်လာရီရဲ့ အာဂျင်တီးနားအသင်းဟာ အုပ်စုအဆင့်ပွဲစဉ်မှာ ဆော်ဒီအာရေဗျကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက် မက္ကဆီကိုနဲ့ ပိုလန်ကို အနိုင်ရပြီး ၁၆ သင်းအဆင့်ကို တက်လာခဲ့တဲ့အသင်းဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာ ဩစတြေးလျကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်၊ ကွာတားဖိုင်နယ်မှာ နယ်သာလန်ကို ပင်နယ်တီအဆုံးအဖြတ်မှာ နိုင်ပြီး ဆီမီးဖိုင်နယ်မှာ ခရိုအေးရှားကို သုံးဂိုးပြတ်နဲ့အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။

နည်းပြဒက်ချမ့်ရဲ့ ပြင်သစ်အသင်းကတော့ အုပ်စုအဆင့်မှာ ဩစတြေးလျကို လေးဂိုး-တစ်ဂိုး၊ ဒိန်းမတ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး တူနီးရှားကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပေမယ့် ၁၆ သင်းအဆင့်တက်ခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာ ပိုလန်ကို သုံးဂိုး-တစ်ဂိုး၊ ကွာတားဖိုင်နယ်မှာ အင်္ဂလန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဆီမီးဖိုင်နယ်မှာ မော်ရိုကိုကို နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ဗိုလ်လုပွဲကို တက်ခဲ့တာဖြစ်ပါတယ်။

ကာတာနိုင်ငံရဲ့ မြို့တော် ဒိုဟာ မြောက်ဘက် ကိုးမိုင်အကွာမှာရှိတဲ့ ပရိသတ် ၈၀၀၀၀ ဆံ့ လူဆေးလ် အားကစားကွင်းကြီးထဲမှာ ယှဉ်ပြိုင်ကစားကြမယ့် အာဂျင်တီးနားအသင်းနဲ့ ပြင်သစ်အသင်းတို့ရဲ့ ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းကပဲ ပြင်သစ်အသင်းကို အနိုင်ရပြီး ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို တောင်အမေရိကကို ယူဆောင်သွားနိုင်မလား၊ ပြင်သစ်အသင်းကပဲ အာဂျင်တီးနားကို အနိုင်ရပြီး ကမ္ဘာ့ဖလားနှစ်ကြိမ်ဆက်တိုက် ချန်ပီယံဆိုတဲ့ အောင်မြင်မှုနဲ့အတူ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ဥရောပမြေအရောက်ဆောင်ကြဉ်းသွားနိုင်မလားဆိုတာ ဒီဇင်ဘာ ၁၈ ရက် ည ၉ နာရီခွဲမှာ စောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။

**ငွေကြယ်**

## အနုပညာ

### တရုတ်နိုင်ငံရဲ့ နှစ်ကုန်တေးဂီတဆုပေးပွဲမှာ ဆု ၁၄ ဆုအတွက် လျာထားခံရတဲ့ BLACKPINK

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ နှစ်ကုန်တိုင်း ကျင်းပလေ့ရှိတဲ့ တရုတ်နိုင်ငံရဲ့ ဆုပေးပွဲမှာ ဆန်ခါတင်စာရင်းရဲ့ နေရာ ၁၄ နေရာကို ရယူထားကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



China Year End Awards အတွက် ဆန်ခါတင်စာရင်းကို လတ်တလောမှာ ထုတ်ပြန်ခဲ့ရာမှာတော့ BLACKPINK က ဆုနေရာ ၁၄ ခုအတွက် လျာထားခံရတာပါ။ ဒါဟာ အမျိုးသမီး တေးဂီတအဖွဲ့တွေအနက် ဆုအရေအတွက် အများဆုံး လျာထားခံရတာလည်းဖြစ်တယ်လို့ သိရပါတယ်။



### ဒါရိုက်တာတစ်ဦးအဖြစ် ခြေလှမ်းစမယ့် တေလာဆွစ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ဆောင်ကာ အနုပညာနယ်ပယ်သစ်ကို ခြေလှမ်းစဖို့ ပြင်ဆင်လာကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ သူကိုယ်တိုင်ရေးသားထားတဲ့ သိပ္ပံရုပ်ရှင်ကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမှာဖြစ်ကြောင်း Searchlight ရုပ်ရှင်က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာပါ။

### မနီလာမှာ ဖျော်ဖြေပွဲပြုလုပ်နေတဲ့ Super Junior

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ လတ်တလောမှာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ဖျော်ဖြေပွဲပြုလုပ်လျက်ရှိပါတယ်။ ယင်းဖျော်ဖြေပွဲဟာ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့ပြီးနောက်ပြုလုပ်ခဲ့တဲ့ ပထမဆုံးနယ်လှည့်ဖျော်ဖြေပွဲလည်း ဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ အေးရှားအရီနာမှာရှိတဲ့ အက်စ်အမ်မော်လ်မှာ Super Show 9: Road ဖျော်ဖြေပွဲပြုလုပ်လျက်ရှိပါတယ်။ နှစ်ရက်တာ ပြုလုပ်တဲ့ အဆိုပါဖျော်ဖြေပွဲမှာ အဖွဲ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတွေအပြင် နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ်က တေးသီချင်းတွေကိုလည်း ဖျော်ဖြေခဲ့ပါတယ်။

ဒီဇင်ဘာ ၁၅ ရက်က Super Junior ရဲ့ ၁၁ ခုမြောက် တေးအယ်လ်ဘမ် The Road : Celebration ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ဟာ ဒီဇင်ဘာ ၁၆ ရက်မှာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားအချို့ကို ဦးဆောင်ထားနိုင်တာလည်း ဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဦးသောင်းညွန့်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
### အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့၊ ဆီဆုံရပ်ကွက်နေ (ဦးဖေ-ဒေါ်လုံးတင်)တို့၏သားကြီး၊ (ဦးကျော်ညွန့်)-ဒေါ်တင်တင်ဝင်း၊ ဦးကျော်မြင့်-(ဒေါ်ဝင်းမာ)၊ ဦးခင်ချို-(ဒေါ်ငွေးငွေးဦး)၊ ဦးစိုးညွန့်-ဒေါ်ခင်သန်းချို၊ ဦးခင်စိုး-ဒေါ်မြမြအေးတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်(၂၅၂/ခ၊ ၂၅၃/က)နေ ဒေါ်ခင်စောနွဲ့၏ခင်ပွန်း၊ ဦးသီဟဇော်၊ ဦးသူရဇော်၊ ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ဝင်းမြခိုင်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၁၆-၁၂-၂၀၂၂ရက် ၁:၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၂(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်မင်းဦး
**BE(Textile)1993–2002**
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၄၄၀/က)နေ (ဦးပိရန်-ဒေါ်ရွှေရင်)တို့၏မြေး၊ (ဦးခင်မောင်ကြီး-ဒေါ်အေး)တို့၏သား၊ (ဒေါ်ခင်စန်းဦး)၏မောင်၊ ဒေါ်သန်းသန်းမော်၏အစ်ကို၊ ဒေါ်ထိုက်ထိုက်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသူကြွယ်၊ မမေသူကြွယ်တို့၏ဖခင် ဦးအောင်မင်းဦးသည် ၁၆-၁၂-၂၀၂၂ (သောကြာနေ့) ညနေ ၃:၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ N)၊ မြေကွက်အမှတ်(၉၀)၊ အကျယ်အဝန်း(၂၅ပေx၄၈ပေ ၆ လက်မ)၊ ဧရိယာ(၀.၀၂၈) ဧကရှိ နှစ်(၉၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၈-လမ်း၊ အမှတ်-၇/ဘီ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော (၃) ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁)ဒေါ်စိန်မြင့် [၁၂/မဂတ(နိုင်)၀၅၅၆၉၀]၊ (၂)ဒေါ်ခင်ခင်သန်း[၁၂/ပဘတ(နိုင်)၀၁၉၃၄၅]၊ (၃) ဒေါ်ခင်မာမြင့် [၁၂/ပဘတ(နိုင်)၀၀၀၅၀၈]၊ (၄) ဒေါ်ခင်မေမြင့် [၁၂/ပဘတ(နိုင်)၀၀၀၅၂၀]၊ (၅)ဒေါ်ခင်မြမြ[၁၂/ပဘတ(နိုင်)၀၁၉၃၄၂]၊ (၆)ဦးတင်ဝင်း[၁၂/မဂတ(နိုင်)၀၅၄၆၅၆]၊ (၇)ဦးကြည်ဝင်း [၁၂/ပဘတ(နိုင်)၀၀၇၀၁၅]၊ (၈)ဒေါ်ချိုပြုံး [၁၂/ပဘတ(နိုင်)၀၀၇၁၀၆]၊ (၉)ဒေါ်ခင်သီတာဦး[၁၂/ပဘတ(နိုင်)၀၂၈၄၇၁]၊ (၁၀) ဦးညီညီဖြိုးကျော်[၁၂/ပဘတ(နိုင်)၀၃၁၅၄၃]၊ (၁၁)ဦးသောင်းဝင်း[၁၂/ပဘတ(နိုင်)၀၁၉၃၄၃]၊ (၁၂)ဒေါ်စန္ဒာဝင်း[၉/ပရမ(နိုင်)၀၄၂၅၂၄]၊ (၁၃)ဒေါ်ခင်မာလာ[၁၂/ပဘတ(နိုင်)၀၁၃၄၉၃]၊ (၁၄) ဒေါ်ခင်မာလွင် [၁၂/ပဘတ(နိုင်)၀၀၀၅၁၉]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် (၃)ထပ်တိုက် အဆောက်အဦအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး [LL.B,LL.M,MRes (Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## " အမည်ပါသူများနှင့် အများသိစေရန် "

ဒေါ်မာမာမြင့် (၁၂/ဒပန(နိုင်)၀၅၈၆၅၁)၊ ဒေါ်ဟေမာမြင့် (၁၂/ဒပန(နိုင်)၀၆၀၆၂၇)၊ ဦးအေးကို (၁၂/တမန(နိုင်)၀၀၉၀၀၃)၊ ဒေါ်ဝင်းမြင့် (၁၂/တမန(နိုင်)၀၁၈၉၆၆) အမည်နှင့်မှတ်ပုံတင်အမှတ်ပါသူများသည် (၃-၉-၂၀၂၂)ရက်စွဲပါ "အာမခံပစ္စည်းထား၍ ငွေပေးငွေယူကတိစာချုပ်" အရ ငွေကျပ် (၂၈၈) သိန်းအား လက်ခံရယူခြင်းနှင့် အာမခံထားသူများဖြစ်ပါသည်။ (၄-၁၂-၂၀၂၂) ရက်စွဲပါ အမည်ရှင်များသို့ အာမခံထားသည့် အိမ်မြေလိပ်စာဖြင့် အကြောင်းကြားစာပေးပို့ခဲ့ရာ လက်ခံသူမရှိ စာတိုက်မှ ပြန်ပို့လာပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း အာမခံထားသည့် အိမ်မြေနှင့်စပ်ဆိုင်သည့် ငွေကြေးကိစ္စကို အမြန်ဆုံးလာရောက်ဖြေရှင်းပေးပါရန်အကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ခဲ့လျှင် အမည်ရှင်များ ကျူးလွန်သည့်ပြစ်မှုကြောင်းနှင့်ငွေရလိုမှု တရားမကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ယူငွေအတွက် အာမခံထားသည့် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ(၁)လမ်း၊ အမှတ်(၂၃)အိမ်မြေ"** အား မည်သူတစ်ဦးတစ်ယောက်မျှ အာမခံငွေကြေးရရန်ရှိသူ မသိရှိဘဲ "ရောင်းချခြင်း၊ တစ်နည်းနည်းနှင့် လွှဲပြောင်းခြင်း" တို့ လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင်ဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၆၇၁၆)**
**'ဝင်းထက်' ဥပဒေလမ်းညွှန်၊ အမှတ်(၁၄၀)၊ ဒုထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၅၀၉၂၃၉၁**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးဗစ်တာသောင်းနိုင်
**(အင်ဂျင်နီယာမှူး-ငြိမ်း)**
### အသက်(၇၂)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ (ဦးအက်စ်နိုင်ဒူး-ဒေါ်ဟယ်လင်ကွယ်မြာ)တို့၏သားကြီး၊ (ဦးညွန့်စိန်-ဒေါ်ခင်စီ)တို့၏သားသမက်၊ ဒေါ်ခင်မာညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ မငြိမ်းငြိမ်းသီရိနိုင်-မောင်ကျော်သီဟ၊ မစုစုသီရိနိုင်-မောင်နန္ဒအောင်၊ မမွန်မွန်သီရိနိုင်တို့၏ဖခင်၊ မ Phoebe သံသာစုနန္ဒ၊ မမုဒြာစုနန္ဒ၊ မောင်ညီညီနန္ဒ၊ မောင်ဘုန်းပြည့်သီဟတို့၏ အဘိုးသည် ၁၇-၁၂-၂၀၂၂ (စနေနေ့) မွန်းလွဲ စင်ကာပူစံတော်ချိန် ၁:၁၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၁၂-၂၀၂၂ ရက်တွင် စင်ကာပူနိုင်ငံ Church of St.Mary of the Angels ၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမာမက်(ခ) ဦးချစ်ဆွေ(လပွတ္တာ)
### အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၂၂၈)၊ (၄)လွှာနေ ဒေါ်ရင်လှ၏ခင်ပွန်း၊ ဦးလူလူမောင်-ဒေါ်ခင်ဝင်းမြင့်၊ ဦးကျော်ကျော်-ဒေါ်လူလူဝင့်ဝါတို့၏ဖခင် မြေး လေးယောက်တို့၏အဘိုး ဦးမာမက်(ခ)ဦးချစ်ဆွေသည် ၁၇-၁၂-၂၀၂၂ (စနေနေ့) နံနက် ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ သိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L-16-N-66)၊ ရောဝဏ်လမ်း၊ မြေကွက်အမှတ်(၂၁၈)၊ (အလျား၄၀ပေx အနံ ၆၀ပေ)၊ ၂၄၀၀ စတုရန်းပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးရွှေထွန်းနှင့် ဒေါ်မူမူသိန်း ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သော ပါမစ်မြေကွက်ဖြစ်ပါသည်။ ၎င်းတို့ထံမှ စာချုပ်အဆက်ဆက်ဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးတင်မြင့် [၁၀/မလမ(နိုင်)၀၇၉၉၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟိန်းမင်းကျော်[၁၂/မဂတ(နိုင်)၀၉၁၃၃၈]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် သတင်းစာကြော်ငြာပါရှိပြီး(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးထူးရင် LL.B, LL.M(Credit)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၄)**
**တာဝါဘီ၊ အခန်း(၄၀၁)၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၇၁၂၉**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဇမ္ဗူအေး(၃)လမ်း၊ မြေကွက်အမှတ်(၉၀၂/က)၏မြေဧရိယာ (၂၀ x ၆၀)ပေရှိ ဒေါ်ဖြူစင်သန့်[၁၂/ဒဂမ(နိုင်)၀၂၈၇၅၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ နှစ်(၆၀)ဂရန်အမည်ပေါက် ပိုင်ရှင် ဒေါ်ဖြူစင်သန့်[၁၂/ဒဂမ(နိုင်)၀၂၈၇၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၁၁၉၁)၏ မြေအကျယ်အဝန်း (၄၅ x ၆၀) ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၁၉၂)နှင့် ကပ်လျက်(ခေါင်းရင်း)ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၅ x ၆၀)ပေရှိ ဒေါ်မြသိန်း (AB-၀၃၈၆၇၈)အမည်ပေါက် နှစ်(၆၀)ဂရန်(မူရင်း)ဘက်အခြမ်းမြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်မြသိန်း[၁၂/စခန(နိုင်)၀၃၃၄၄၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့အားပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO Switzerland)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ဒုဗိုလ်မှူးကြီးသာဌေး(ငြိမ်း)
**စာရေးဆရာ နီငြိမ်း(အညာတက္ကသိုလ်)၊ (ပခုက္ကူဦးအုန်းဖေစာမူဆုများရှင်)**
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၅)၊ ငွေလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်လှ၏ ချစ်ခင်ပွန်း၊ ဒေါ်ငြိမ်းငြိမ်းအေး၊ ဒေါ်ဥမ္မာဌေး၊ ဒေါ်မေကလျာဌေး-ဦးကျော်မိုးဟိန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဌေးဝင်းကျော်၊ မေနဒီ၊ ရာတင်၊ မေမြတ်နိုးခင်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၁၂-၂၀၂၂ (စနေနေ့) နံနက် ၅:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၉-၁၂-၂၀၂၂(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်းနိုင်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးအုန်းမောင်-ဒေါ်ခင်သန်းမြင့်)တို့၏သားကြီး၊ (ဦးစံမြ-ဒေါ်သိန်းမြင့်)တို့၏သားသမက်၊ ဦးကျော်ဇော-ဒေါ်တင်စုနိုင်၊ (ဦးတင်ထူးနိုင်)-ဒေါ်မော်မော်အောင်၊ (ဦးသောင်း)-ဒေါ်တင်စိုးနိုင်၊ ဦးခင်မောင်ထွန်း-ဒေါ်တင်ထွေးနိုင်၊ (ဦးတင်ဇော်နိုင်)၊ ဦးဟန်လင်း-ဒေါ်တင်ဌေးနိုင်တို့၏အစ်ကိုကြီး၊ ကိုတိုးအောင်-(မသန္တာမြင့်)၊ (ကိုမင်းနိုင်-မချစ်ချစ်)တို့၏ချစ်လှစွာသောဖခင်ကြီး၊ အောင်ဖြိုးသန့်-ဆုရည်နှင်း၊ ကျော်ခန့်မင်းတို့၏အဘိုး၊ ရွှေကစ်လေး၏ဘိုးဘိုးကြီး၊ တိုက်(၂၄)၊ အခန်း(၀၀၃)၊ (၁၀)လမ်း(B)၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ ဒေါ်ဝင်းဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ထွန်းနိုင်သည် ၁၆-၁၂-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ကျိုက်စုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ½ x၅၀)ပေရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုအဆိုရှိသည့် ဒေါ်လှမြင့်(ဘ) ဦးမောင်စု[၁၂/မဂတ(နိုင်)၀၅၆၉၃၅]ကိုင်ဆောင်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဆွေ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၉၈)**
**အမှတ်-၂၇/၂၉၊ ဒုတိယထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၃၅၅၇၆၊ ၀၉-၇၅၄၉၂၂၄၆၆**

## "အများသိစေရန်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်းမကြီး၊ မြေကွက်အမှတ်(၆၀၆)၊ မြေအမျိုးအစား-မြေချပါမစ်(အလျား၆၀ပေ x အနံ၄၀ပေ)ရှိ မြေကွက်အား မူလပိုင်ဆိုင်သူ ဦးစိုးမြင့်[၁၂/သဃက(နိုင်) ၁၀၀၅၈၇]ထံမှ ဆက်စပ်အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လွင်[၁၂/လမန(ပြု)၀၀၀၃၇၇]က ဥပဒေနှင့်အညီ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သည့်အပြင် အဆိုပါမြေကွက်အပါအဝင် စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ပါမစ်(မူရင်း)ကို လက်ရောက်လက်ခံလွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ ပါမစ်မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာပိုင်ဆိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၇၀၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၀၀ A စဥ့်ငူ)၊ မြေကွက်အမှတ်(၈၉)၊ မောင်ကြာပါ-၂ အမည်ဖြင့် မှတ်သားတည်ရှိသော မြေပိုင်မြေအမျိုးအစား ဧရိယာ(၀.၃၀)ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၃ပေ x ၈၀ပေ)၊ (၃၅ပေ x၂၀ပေ)၊ (၄၅ပေ x ၅၀ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်အေးအေးပြုံး[၁၂/အစန(နိုင်) ၀၇၀၇၀၇]မှ ၎င်းအပြည့်အဝပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းဇော်မြင့်[၇/တငန(နိုင်) ၁၀၀၃၈၈]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၈၄၆၉)(၂၄-၉-၂၀၀၈)**
**အမှတ်(၁၀၉၀)၊ (၁၆)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၇၉၆၀၂**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လမ်းမီးများ၊ ခြံတွင်းမီးများကို နေရောင်ခြည်သုံး LED မီးစနစ်အား အတတ်နိုင်ဆုံး အသုံးပြုပါ။





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်...**

❖ **ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်...**

❖ **ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ


**ကမ္ဘောဒီးယားနိုင်ငံ၌ The Huadian Preah Sihanouk ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်**

စာမျက်နှာ » ၁၃

**အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် ကုန်းသာရွာအနီး တပ်မတော်စစ်ကြောင်းများက အချိန်မီ တိုက်ခိုက်၊ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၅

**ကလေးပြုစုပျိုးထောင်ခြင်း အနုပညာ**

ဆောင်းပါး စာမျက်နှာ » ၂၁


## အာဂျင်တီးနားနဲ့ ပြင်သစ်တို့ထဲက ကမ္ဘာ့ဖလား သုံးကြိမ်မြောက် ချန်ပီယံဆုနဲ့အတူ ဘယ်အသင်း အမိမြေပြန်ခွင့်ရမလဲ

ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို နှစ်ကြိမ်စီဆွတ်ခူးထားတဲ့ အာဂျင်တီးနားအသင်းနဲ့ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းတို့ဟာ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် လူဆေးလ်အားကစားကွင်းကြီးထဲ၌ ဒီဇင်ဘာ ၁၈ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✪




## ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) U -18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) U–18(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV–HD၊ MRTV Sports Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဖလား အမျိုးသားအလွတ်တန်း ဟော်ကီပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၁၇

၂၀၂၂ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဖလား အမျိုးသားအလွတ်တန်း ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ Fly Eagle အသင်း ဗိုလ်စွဲခဲ့သည်။

**အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲပြန်ကစားရခြင်းဖြစ်သည်။ အုပ်စု ပတ်လည်ပွဲစဉ်များအပြီးတွင် Smart အသင်းက ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ Fly Eagle အသင်းက ငါးပွဲကစား သုံးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၁၁ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ○